# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 3 October 2023 ၁၁၂၃၇


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဆေးပညာရပ်ဆိုင်ရာများကို အမြဲတစေ ခေတ်မီတိုးတက်သော နည်းပညာများ အသုံးပြုနိုင်အောင် အားထုတ်ကြိုးပမ်း

## ဆေးတပ်ဖွဲ့ဝင်များအနေဖြင့် အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းရင်း ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ တပ်မတော်သားများနှင့် မိသားစုများ၏ ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများတွင် ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂**

အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) နှစ်(၁၀၀)ပြည့် အခမ်းအနား၊ ဓာတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသဆောင်ဖွင့်ပွဲနှင့် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ အဆိုပါဆေးရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဓာတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသဆောင်အတွင်း လှည့်လည်ကြည့်ရှုစဉ်။


**ယနေ့ ဖတ်စရာ**

**(၃/၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်း အပါအဝင် လုပ်ငန်းသစ်ခြောက်ခုကို ခွင့်ပြု**

စာမျက်နှာ » ၇

**အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်းမှတ်ပုံတင်နိုင်ရေး အသိပညာပေးခြင်းနှင့် eComReg System စနစ်ဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပ**

စာမျက်နှာ » ၉

# ကြေးမုံ

## အကြမ်းဖက်မှု စုပေါင်းတန်ပြန်တိုက်ဖျက်

ကမ္ဘာပေါ်ရှိနိုင်ငံအချို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ကြုံတွေ့နေရသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အထူးသဖြင့် အစွန်းရောက်တိုက်ခိုက်မှုများကို မကြာခဏမြင်တွေ့ကြရပြီး မကြာသေးမီက ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်၌ ဘာသာရေးအဆောက်အအုံအနီး အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ ၅၀ ကျော် သေဆုံးပြီး ၅၀ ကျော် ဒဏ်ရာများရရှိခဲ့သည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ မရှိသလောက်ဖြစ်ခဲ့သော်လည်း လွန်ခဲ့သည့်နှစ်ကာလများမှစ၍ အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့သည်။

၂၀၁၆ -၂၀၁၇ ခုနှစ်၌ ပြည်ပမှ အစွန်းရောက်အကြမ်းဖက်အဖွဲ့ ARSA ၏ အန္တရာယ်ပေါ်ပေါက်လာခဲ့သည်။ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် နေရပ်စွန့်ခွာထွက်ပြေးမှုများ ဖြစ်ပေါ်ခဲ့သည်။ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၂၀၂၀ ရွေးကောက်ပွဲကိုအကြောင်းပြု၍ ပေါ်ပေါက်လာသော အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH နှင့် NUG တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် အစိုးရဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ၊ ရဟန်းသံဃာ၊ ကလေးသူငယ်၊ အရပ်သားများအပါအဝင် အပြစ်မဲ့ပြည်သူ ၆၀၀၀ နီးပါးသေဆုံးခဲ့သည်။

မြန်မာနိုင်ငံသည် ဘာသာတရားနှင့် ယဉ်ကျေးမှုအစဉ်အလာကြီးမားသောနိုင်ငံဖြစ်သည်။ သို့သော် ပြီးခဲ့သည့်ကာလများက ဘာသာတရားနှင့် ယဉ်ကျေးမှုအစဉ်အလာများကို နင်းချေဖျက်ဆီးမှုများ ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံနှင့်မဆီလျော်သည့် မယဉ်ကျေးသော၊ စာရိတ္တပျက်ယွင်းသော၊ ရက်စက်ကြမ်းကြုတ်သော အပြုအမူလုပ်ဆောင်မှုများ ပေါ်ပေါက်လာသည်။ ငါနဲ့မတူ ငါ့ရန်သူသဘောထားပြီး အပြစ်မဲ့ပြည်သူများကို တိုက်ခိုက်သတ်ဖြတ်ခြင်းသာမက ကားလမ်း၊ ရထားလမ်း၊ လျှပ်စစ်တာဝါတိုင်၊ ဆက်သွယ်ရေးတာဝါတိုင်၊ အခြေခံအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြသည်။

အစွန်းရောက်တိုက်ခိုက်သတ်ဖြတ်မှုများသည် ကမ္ဘာပေါ်ရှိနိုင်ငံများနှင့် မြန်မာနိုင်ငံတွင်ပါ ခြိမ်းခြောက်မှုအန္တရာယ်ကြီးမားလာသည်။ ထို့ကြောင့် နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ မြန်မာနိုင်ငံအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့နှင့်အညီ အကြမ်းဖက်သမားများကို တိုက်ခိုက်နှိမ်နင်းရှင်းလင်းလျက်ရှိသည်။ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများကို နှိမ်နင်းလျက်ရှိသလို နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းလက်တွဲ၍ တိုက်ခိုက်နှိမ်နင်းရှင်းလင်းလျက်ရှိသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထိရောက်စွမ်းဆောင်မှုများ ရရှိလာသည်။ မြန်မာနိုင်ငံသည် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အလှည့်ကျပူးတွဲဥက္ကဋ္ဌအဖြစ် ရုရှားနိုင်ငံနှင့် ပူးတွဲဆောင်ရွက်ခွင့်ရလာသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ ဦးဆောင်မှုဖြင့် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ကာကွယ်ရေးတပ်ဖွဲ့ဝင်များအကြား အပြန်အလှန်နားလည်ယုံကြည်မှုနှင့် ချစ်ခင်ရင်းနှီးမှုများကိုအခြေခံကာ ဒေသတွင်းအကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်လုပ်ရပ်များကို ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ မြန်မာနိုင်ငံ နေပြည်တော်တွင် စားပွဲတင်လေ့ကျင့်ခန်းကို ကျင်းပပြုလုပ်နိုင်ခဲ့သည်။ စက်တင်ဘာလ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့တွင်လည်း အကြမ်းဖက်မှုတိုက်ဖျက်ရေး မြေပြင်လက်တွေ့လေ့ကျင့်ခန်းများကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့သည်။ မြေပြင်လက်တွေ့လေ့ကျင့်ခန်းများကို မြန်မာနိုင်ငံမှ အရာရှိ၊ စစ်သည်များ၊ အာဆီယံနိုင်ငံများနှင့်မိတ်ဖက်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အရာရှိကြီးများနှင့်တပ်ဖွဲ့ဝင်များ ပူးပေါင်းလက်တွဲ၍ ပါဝင်တက်ရောက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

မြန်မာ-ရုရှား နှစ်နိုင်ငံတပ်မတော်မှ ကိုယ်စားလှယ်များဦးဆောင်၍ မြန်မာနိုင်ငံ၌ ပြုလုပ်ခဲ့သည့် စားပွဲတင်လေ့ကျင့်ခန်းတွင် ရေးဆွဲခဲ့သည့် စစ်ဆင်မှုစီမံချက်အား အသေးစိတ်ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း၊ စစ်ဆင်မှုအဆင့် ကွပ်ကဲမှုအဖွဲ့များနှင့် နည်းဗျူဟာအဆင့်ကွပ်ကဲမှုအဖွဲ့များက လေ့ကျင့်ခန်းဆိုင်ရာအစီအမံများအား ညှိနှိုင်းဆွေးနွေးအတည်ပြုခြင်း၊ နိုင်ငံပေါင်းစုံပါဝင်သည့် တပ်ဖွဲ့များဖြင့် အကြမ်းဖက်မှုတန်ပြန်တိုက်ခိုက်ရေးအတွက် ပထမအဆင့် စစ်ဆင်မှုစီမံချက်အား အပြီးသတ်ရေးဆွဲခြင်းများ ဆောင်ရွက်ခဲ့သည်။ မြေပြင်လက်တွေ့လေ့ကျင့်ခန်းများတွင်ပါဝင်သည့် နိုင်ငံအလိုက်တပ်ဖွဲ့ဝင်များက စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၌ အကြမ်းဖက်မှုအန္တရာယ်များ ကြီးထွားလာချိန်တွင် အာဆီယံ + ၃ နှင့် ဒေသတွင်းနိုင်ငံများအကြား လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်မှုများကို ပိုမိုထိရောက်စွာ တိုက်ဖျက်နှိမ်နင်းနိုင်ပြီး ပြည်သူ ပြည်သားများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု (၆) မှု ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၄၃/၂၀၂၂ (ဧရာဝတီ)၊ ၄၈/၂၀၂၂ (ရန်ကုန်)၊ ၅၂/၂၀၂၂ (ကရင်)၊ ၉/၂၀၂၃ (ရှမ်း)၊ ၁၁/၂၀၂၃ (ရှမ်း) နှင့် ၂၈/၂၀၂၃ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု (၆)မှုကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမနှင့် တိုင်းစစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမတို့၌ ပြုလုပ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စမ်းသပ်မဲပေး**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က လက်တွေ့ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂-၁၀-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၂၀ | ၁၇၈,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၅၀ | ၁,၅၀၂ | ၄,၄၅၆,၁၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၆၅၀ | ၁,၄၆၅ | ၂,၄၂၂,၄၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၂,၁၀၀ | ၂,၂၀၀ | ၅၇၇ | ၁,၂၃၂,၇၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၈၀၀ | ၁,၂၃၆ | ၂,၁၉၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အငြိမ်းစား ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် အရာရှိကြီးများ၊ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင် တို့က အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) နှစ်(၁၀၀)ပြည့် အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ခါတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသဆောင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က အမှတ်(၁) တပ်မတော် ဆေးရုံ(ခုတင်-၇၀၀) နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် ဓာတ်ရောင် ခြည်နှင့် ကင်ဆာရောဂါကုသ ဆောင် ဆိုင်းဘုတ်ကို စက်ခလုတ် နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းအား အမွှေး နံ့သာရည်များ ပက်ဖျန်းပေးကြ ပြီး ဓာတ်ရောင်ခြည်နှင့် ကင်ဆာ ကုသဆောင်အတွင်း လှည့်လည် ကြည့်ရှုကြ၍ ကင်ဆာဆောင်၌ တက်ရောက် ဆေးကုသမှုခံယူ လျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်နှင့် အကြိမ်(၃၀) မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှော ဖလှယ်ပွဲ အထိမ်းအမှတ် ဂုဏ်ပြု အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနား သည် ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဆေးရုံကြီး တစ်ရုံဖြစ်သည့် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) တည်ထောင်ခဲ့သော နှစ်(၁၀၀)ပြည့်သည့် အခမ်းအနား ပင်ဖြစ်ကြောင်း၊ ဆေးရုံကြီးကို ၁၉၂၃ ခုနှစ်တွင် စတင်တည်ထောင် ခဲ့ပြီး ခေတ်အဆက်ဆက် ကောင်းမြတ်သည့် အစဉ်အလာ များကို လက်ဆင့်ကမ်းထိန်းသိမ်း လာခဲ့သည့်အတွက် ယခုအခါတွင် အလွန်ဂုဏ်ယူဖွယ်ရာ နှစ်(၁၀၀) ပြည့် အခမ်းအနားသို့ ရောက်ရှိခဲ့ ကြောင်း၊ ထို့အတူ ဆေးဝန်ထမ်း တပ်ဖွဲ့၏ သုတေသနဆောင်ရွက် ချက်များကို နိုင်ငံတကာအထိ ရောက်ရှိအောင် တင်ပြနိုင်သည့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကင်ဆာဆောင်၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လူနာတစ်ဦးအား ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

## ဆေးဝန်ထမ်း တပ်ဖွဲ့၏ သုတေသနဆောင်ရွက်ချက်များကို နိုင်ငံတကာအထိ ရောက်ရှိအောင် တင်ပြနိုင်သည့် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို ရှည်လျားလှသော သမိုင်းကြောင်းရှိသည့် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) (ပြင်ဦးလွင်)၌ ယခုနှစ်တွင် ကျင်းပနိုင်ခဲ့ခြင်းသည်လည်း အလွန်ပင် ဂုဏ်ယူဖွယ်ရာဖြစ်

အကြိမ်(၃၀)မြောက် မြန်မာ့ တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို ရှည်လျား လှသော သမိုင်းကြောင်းရှိသည့် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) (ပြင်ဦးလွင်)၌ ယခုနှစ်တွင် ကျင်းပနိုင်ခဲ့ခြင်း သည်လည်း အလွန်ပင်ဂုဏ်ယူဖွယ် ရာဖြစ်ကြောင်း။

အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)ဆေးရုံ၏ ရှည်လျား သည့် သမိုင်းကြောင်းကိုပြန်ပြောင်း ကြည့်မည်ဆိုပါက ၁၉၂၃ ခုနှစ် တွင် အင်္ဂလိပ်တို့သည် British Military Hospital အဖြစ် ပြင်ဦးလွင်တွင် စတင်ဖွင့်လှစ်ခဲ့ ကြောင်း၊ စတင်ဖွဲ့စည်းစဉ်က (ခုတင်-၂၅)လုံးဆံ့ ဆေးရုံအဖြစ် စတင် တည်ထောင်ထားရှိခဲ့ပြီး အင်္ဂလိပ်လူမျိုး စစ်မှုထမ်းအရာရှိ များကိုသာ တက်ရောက်စေခဲ့ သည်ဟု အမိန့်မှတ်တမ်းများအရ သိရှိရကြောင်း။

**ပိုမိုလက်ခံကုသ**

၁၉၃၁ ခုနှစ်တွင် (ခုတင်-၅၀) ဆံ့ ဗြိတိသျှစစ်ဆေးရုံ၊ ၁၉၄၃ ခုနှစ် တွင် အမှတ်(၈) စစ်ဆေးရုံ(ခုတင်- ၁၀၀)၊ ၁၉၄၆ ခုနှစ်တွင် အမှတ်(၁) စစ်ဆေးရုံ(မေမြို့)၊ ၁၉၄၈ ခုနှစ် တွင် ဗမာ့တပ်မတော်ဆေးရုံ (ခုတင်-၃၀၀)အဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၅၃ ခုနှစ် တွင် အခြေစိုက်စစ်ဆေးရုံ (ခုတင်- ၅၀၀)အဖြစ် တိုးချဲ့ကာ လူနာများကို ပိုမိုလက်ခံကုသ ခဲ့ပြီး ကုသရေးလုပ်ငန်းများကို ဆောင်ရွက် နိုင်ခဲ့ပါကြောင်း၊ ၁၉၆၃ ခုနှစ်တွင် အမှတ်(၁) အခြေချစစ်ဆေးရုံ(ခုတင်-၅၀၀) အဖြစ် အမည်ပြောင်းလဲခဲ့ကြောင်း၊ ထိုသို့ ပြောင်းလဲခဲ့ရာ ၁၉၈၆ ခုနှစ် တွင် အမှတ်(၁) အခြေချစစ်ဆေးရုံ (ခုတင်-၇၀၀)၊ ၂၀၀၂ ခုနှစ်တွင် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)အဖြစ် ပြောင်းလဲ ဖွဲ့စည်းနိုင်ခဲ့သည်ကို တွေ့ရှိရ ကြောင်း၊ ၂၀၁၆ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ဌာနများ တိုးချဲ့ပြီး ဖွဲ့စည်းပုံ ပြင်ဆင်နိုင်ခဲ့ကြောင်း။

ဆေးရုံကို စတင်ဖွင့်လှစ်ခဲ့စဉ်က အုပ်ချုပ်မှု အဆောက်အအုံ ခြောက်လုံး၊ ဆေးကုသမှုအဆောက် အအုံ ၁၀ လုံးနှင့် လူနေအဆောက် အအုံ ငါးလုံး စုစုပေါင်း ၂၁ လုံးတို့ ဖြင့် စတင်ဖွင့်လှစ်ခဲ့ရာမှ ယခု အချိန်တွင် အုပ်ချုပ်မှုအဆောက် အအုံ ၃၁ လုံး၊ ဆေးကုသမှု အဆောက်အအုံ ၃၈ လုံးနှင့် လူနေအဆောက်အအုံ ၁၀၇ လုံး စုစုပေါင်း ၁၇၆ လုံးအထိ အဆင့်ဆင့် တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ဆေးရုံကြီးတွင် အဆောက် အအုံပိုင်းဆိုင်ရာ တိုးတက်သည့် နည်းတူ ကုသမှုဆိုင်ရာ စွမ်းဆောင် ရည်များသည်လည်း တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ဆေးရုံစတင် ဖွင့်လှစ်ချိန် အစောပိုင်းကာလ များ၌ အထွေထွေကုသမှုများကို သာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ခေတ်အဆက်ဆက် ကြိုးပမ်း အားထုတ်မှုများကြောင့် အဆင့်မြင့် အထူးကုသမှုများအား တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဆေးရုံကြီး၏ ထူးခြားသော စွမ်းဆောင်ရည်များ အနေဖြင့် ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း ဆေးပညာကုသမှုဌာနအား ၁၉၉၈ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး လူနာပေါင်း ၇၀၀၀ ကျော်ကို သွေးသန့်စင်ပေးနိုင်မှု အကြိမ် အနေဖြင့် ၁၉၂၅၀ ခန့် ဆောင်ရွက် ပေးနိုင်ခဲ့သည်ကို တွေ့ရှိရ ကြောင်း။

ထို့အပြင် ၁၉၉၈ ခုနှစ်မှစတင်၍ အစာအိမ်နှင့် အူလမ်းကြောင်း ဆိုင်ရာ ရောဂါများအတွက် မှန်ပြောင်းနှင့် ရောဂါရှာဖွေကုသ ရေးလုပ်ငန်းများကို ဆောင်ရွက် ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မှန်ပြောင်းမှတစ်ဆင့် သည်းခြေ ကျောက်တည်လူနာ ၁၁၉၄ ဦး အပါအဝင် စုစုပေါင်း လူနာ ၉၉၃၀ ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက် ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နှလုံးကုသမှုဆေးပညာဌာနကို ၂၀၀၈ ခုနှစ်တွင် စတင်ဖွင့်လှစ် ခဲ့ပြီး နှလုံး၏ လုပ်ဆောင်နိုင်မှုကို

စာမျက်နှာ ၄ သို့ »»



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်တို့က အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) နှစ်(၁၀၀)ပြည့် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

»»» စာမျက်နှာ ၃ မှ

စမ်းသပ်ခြင်း၊ နှလုံးသွေးကြောကျဉ်း ရောဂါ ရှိ/မရှိ စမ်းသပ်ခြင်းနှင့် နှလုံးစည်းချက် မှန်ကန်မှု ရှိ/မရှိ စမ်းသပ်ခြင်းများကိုလည်း လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ယနေ့အချိန်အထိ နှလုံးသွေးကြောချဲ့ကုသခြင်း ၃၅၅ ဦး အပါအဝင် စုစုပေါင်း လူနာ ၁၅၈၅ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း။

ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း ခွဲစိတ်ကုသမှုဌာနအနေဖြင့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသပေးနိုင်ခဲ့သော လူနာ ၃၈ ဦးအပါအဝင် စုစုပေါင်း လူနာ ၁၉၇၄ ဦးကို ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုသမှုဌာနအနေဖြင့် အရေးပေါ် ခွဲစိတ်ကုသခြင်း အပါအဝင် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါ စုစုပေါင်း ၇၈၁ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း။

**ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့**

ထိခိုက်ဒဏ်ရာနှင့် အရိုးအကြောကုသမှုဌာနအနေဖြင့် အရိုးရောဂါ အကြီးစား ခွဲစိတ်ကုသမှုပေါင်း ၂၆၈၄ ဦး ၊ အသေးစားခွဲစိတ်ကုသမှုပေါင်း ၃၄၆၉ ဦး စုစုပေါင်း လူနာ ၆၁၅၃ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆေးရုံကြီးတွင် ရောဂါရှာဖွေမှုများကို ဆောင်ရွက်လျက်ရှိသည့် ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာနအနေဖြင့် ကွန်ပျူတာဓာတ်မှန်စက် (CT Scan) အသုံးပြု၍ ရောဂါရှာဖွေခြင်း ၇၆၆၉ ဦး၊ သံလိုက်လှိုင်း အသုံးပြုရောဂါရှာဖွေခြင်း (MRI Scan) ၂၃၁၀ အပါအဝင် စုစုပေါင်း လူနာ ၁၂၂၄၈ ဦးအား ရောဂါရှာဖွေခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် ဆေးရုံကြီးဖွင့်လှစ်ချိန်ကစ၍ ယနေ့အချိန်အထိ ကလေးငယ်ပေါင်း ၃၁၀၇၁ ဦးကို မွေးဖွားသန့်စင်ပေးနိုင်ခဲ့ပြီး ယခုကဲ့သို့ အန္တရာယ်ကင်းစွာဖြင့် မွေးဖွား ပေးနိုင်ခဲ့သည့်အတွက် အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် သားကောင်း၊ သမီးကောင်း ရတနာများ ပေါ်ထွန်းစေနိုင်ခဲ့ကြောင်း။

ယခုကဲ့သို့ အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၏ နှစ်(၁၀၀) ပြည့် အခမ်းအနားနှင့်အတူ ယနေ့တွင် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကိုလည်း တစ်ပေါင်းတည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့သည် စတင်တည်ထောင်စဉ်ကပင် ကုသရေး၊ ရောဂါရှာဖွေရေးနှင့် ကာကွယ်ရေး လုပ်ငန်းများအပြင် ဆေးသုတေသနလုပ်ငန်းများကိုပါ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ သုတေသနတွေ့ရှိချက်များကို ၁၉၉၀ ပြည့်နှစ်ကပင် စတင်ခဲ့ပြီး ဆေးပညာရပ်ဆိုင်ရာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်နှင့် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နီးနှောဖလှယ်ပွဲများ ကျင်းပလာခဲ့သည်မှာ ယခုအကြိမ်(၃၀) ပြည့်မြောက်ခဲ့ပြီး ဖြစ်ကြောင်း၊ ထိုသို့ ခေတ်မီတိုးတက်ပြောင်းလဲလာသည့် ဆေးပညာရပ်များနှင့် အညီ နီးနှောဖလှယ်ပွဲများတွင် တင်သွင်းခဲ့သော ဆေးပညာရပ်ဆိုင်ရာ အကြောင်းအရာများသည်လည်း မျက်မှောက်ခေတ် အခြေအနေများနှင့်အညီ အဆင့်မြင့်တိုးတက်လာခဲ့သည်ကို တွေ့ရှိရကြောင်း၊ အကြိမ်(၃၀)မြောက်အထိ ဖြတ်သန်းလာခဲ့သည့် ခရီးစဉ်တစ်လျှောက်တွင် စာတမ်းပေါင်း ၁၅၄၄ စောင်၊ ပိုစတာပေါင်း ၉၂၀၊ ဟောပြောဆွေးနွေးမှုပေါင်း ၂၃၁ ခု စသည်တို့ကို တင်သွင်းဖော်ပြနိုင်ခဲ့ခြင်းသည်လည်း ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်များပင်ဖြစ်ကြောင်း။

သုတေသနများမှ ရရှိလာသော တွေ့ရှိချက်များအား ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ကာကွယ်နှိမ်နင်းရေး နယ်ပယ်များတွင် အသုံးပြုခြင်းအားဖြင့် တပ်မတော်နှင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးများစွာ ရှိစေခဲ့ကြောင်း၊ အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် သုတေသန တွေ့ရှိချက်များသည် ရောဂါကာကွယ်ရေး၊ ရှာဖွေရေးနှင့် ကုသရေးလုပ်ငန်းများတွင် များစွာ အကျိုးရှိရှိ အသုံးချနိုင်ခဲ့ပြီး အောင်မြင်မှုများ များစွာရရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ယခုကျင်းပသည့် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို **“ကျန်းမာရေးစနစ် ပြောင်းလဲမှုများတွင် တပ်မတော် ဆေးပညာရှင်များ၏ စွမ်းရည်မြှင့်တင်ခြင်း”** ဆိုသည့် ခေါင်းစဉ်ကို အခြေခံပြီး ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများ အနေဖြင့်လည်း အဆိုပါခေါင်းစဉ်အပေါ်တွင် အခြေခံပြီး မိမိတို့၏ အတွေ့အကြုံ ဗဟုသုတများနှင့် အမြင်ချင်းဖလှယ်ကာ ဆွေးနွေးမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ပြီး ဦးတည်ချက်(၉)ရပ်ကို အကောင်အထည်ဖော်ရာတွင် လူမှုရေးဦးတည်ချက်(၃)ရပ်အနက် တစ်မျိုးသားလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေးနှင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်စေရေးအတွက် ပြည်သူအားလုံး အကျိုးဖြစ်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားမြှင့်တင်မှု ဆောင်ရွက်ရေး ဦးတည်ချက်ကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုမည် ဖြစ်သကဲ့သို့ အသစ်ဖွင့်လှစ်လိုက်သည့် ကင်ဆာရောဂါကုသရေးစင်တာ တစ်ခုကလည်း ပြည်သူများအားလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အထောက်အကူများစွာ ပြုနေပြီးဖြစ်ပါကြောင်း။

**ကဏ္ဍအစုံ လွှမ်းခြုံပါဝင်**

ယခုနှစ် နီးနှောဖလှယ်ပွဲတွင် သုတေသန စာတမ်းပေါင်း ၇၂ စောင်၊ သုတေသန ပိုစတာပေါင်း ၁၁၂ စောင်၊ ဟောပြောဆွေးနွေးမှု ၃၂ ခုနှင့် အခြားအစီအစဉ်များ ပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ယခုနှစ် ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည့် စာတမ်းများ၊ ပိုစတာများတွင် ဉာဏ်ရည်တုနည်းပညာ၊ ကူးစက်ရောဂါနှင့် မကူးစက်တတ်သော ရောဂါများ၊ အာဟာရသုတေသနဆိုင်ရာများ၊ ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုး ခွဲစိတ်ကုသမှုဆိုင်ရာများ၊ ပြန်လည်သန်စွမ်းရေး ဆေးပညာဆိုင်ရာများ၊ အဆင့်မြင့် ကင်ဆာကုထုံးဆိုင်ရာများ၊ စစ်မြေပြင်ဆေးကာကွယ်ပေးခြင်းဆိုင်ရာ သုတေသနများ စသည့် ကဏ္ဍအစုံလွှမ်းခြုံပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ဆေးဝန်ထမ်း တပ်ဖွဲ့တွင်ရှိသည့် တပ်မတော်ဆေးသုတေသနတပ်၊ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်ဆေးရုံနှင့် ဆေးတပ်ရင်းများက သုတေသီများသည် တပ်မတော်သားများနှင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်အတွက် ဆေးပညာရပ်ဆိုင်ရာသုတေသနလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာအဖြစ် ပြောကြားလိုပါကြောင်း။

ဆေးဝန်ထမ်း တပ်ဖွဲ့သည် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါက်ဖွားလာခဲ့ခြင်းဖြစ်၍ ယခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် (၇၆)နှစ် တင်းတင်းပြည့်မြောက်ခဲ့ပြီး ဖြစ်ကြောင်း၊ သမိုင်းကြောင်း ကောင်းသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် တိုင်းပြည်တာဝန်များကို ကျရာကဏ္ဍများမှ ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ကြကြောင်း၊ တပ်မတော်က ဆင်နွှဲခဲ့သည့် စစ်ဆင်ရေးကြီးများတွင်လည်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် ရှေ့တန်းကျကျ ဆေးကာကွယ်ပေး တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ ပြင်ဦးလွင်မြို့တွင်ရှိသည့် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)ရှိ တပ်ဖွဲ့ဝင်များသည်လည်း ကွမ်းလုံ ရက်(၄၀) တိုက်ပွဲ၊ ပါဂျိုနားဖော့တိုက်ပွဲ၊ လုပီ - လဂျားယန်း တိုက်ပွဲ၊ လောက်ကိုင်-မုံးကိုး တိုက်ပွဲ စသည့် တိုက်ပွဲကြီးများတွင် ရှေ့တန်းကျကျ သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်နိုင်ခဲ့ကြပြီး စစ်ဆင်ရေးကြီးများ ဆောင်ရွက်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများအတွက် လိုအပ်သည့် ဆေးဘက်ဆိုင်ရာ ကုသမှုများကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် စစ်မြေပြင်ဆေးကာကွယ်ပေးတာဝန်များအပြင် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း နိုင်ငံ အနှံ့အပြားတွင်ရှိသည့် ဆေးရုံ၊ ဆေးတပ်ရင်းများတွင် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း တပ်မတော်ဆေးရုံ (ခုတင်-၂၅)အဆင့်မှ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)အဆင့်အထိ လိုအပ်သည့်နေရာများတွင် တိုးချဲ့ဖွဲ့စည်းပေးခဲ့ကြောင်း။

ရောဂါကာကွယ် နှိမ်နင်းရေးအတွက် ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေးတပ်ကို ဖွဲ့စည်းထားရှိသကဲ့သို့ အထူးကုဆေးရုံများ အနေဖြင့် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး၊ တပ်မတော်အသည်းရောဂါ အထူးကုဆေးရုံကြီးနှင့် ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးရုံများကိုလည်း ဖွင့်လှစ်ထားရှိကြောင်း၊ ထို့အပြင် ရောဂါကုသမှုများနှင့် ပတ်သက်၍ ဆေးရုံများကိုလည်း အဆင့်မြှင့်တင်ခဲ့ရာ ယခုအချိန်တွင် ကျောက်ကပ်အစားထိုးကုသနိုင်သော ဆေးရုံလေးရုံ၊ အသည်းအစားထိုးကုသနိုင်သော ဆေးရုံ တစ်ရုံ၊ နှလုံးသွေးကြောရောဂါရှာဖွေခြင်းနှင့် သွေးကြောချဲ့ကုသနိုင်သော ဆေးရုံလေးရုံ၊ နှလုံးခွဲစိတ်ကုသနိုင်သော ဆေးရုံ နှစ်ရုံ၊ အစာအိမ်နှင့် အူလမ်းကြောင်းကို မှန်ပြောင်းဖြင့် ခွဲစိတ်ကုသနိုင်သောဆေးရုံ ငါးရုံရှိပြီး ဖြစ်ကြောင်း။

**နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ ဆောင်ရွက်လာနိုင်**

ထိုကဲ့သို့ ကြိုးစားဆောင်ရွက်နိုင်ခဲ့သည့်အတွက် တပ်မတော်အနေဖြင့် ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း၊ နှလုံးခွဲစိတ်ကုသခြင်း၊ နှလုံးခုန်နှုန်းထိန်းညှိစက်ထည့်သွင်းခြင်း၊ နှလုံးသွေးကြော Stent ထည့်ကုသခြင်း၊ ဦးနှောက်နှင့် ရင်ခေါင်း ခွဲစိတ်ကုသခြင်း စသည့် အဆင့်မြင့်ကုသမှုမျိုးစုံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ ဆောင်ရွက်လာနိုင်ခဲ့ခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ လွန်ခဲ့သည့်တစ်နှစ်အတွင်းတွင် အသည်းအစားထိုးခွဲစိတ်ကုသမှု ရှစ်ကြိမ်ကို အောင်မြင်စွာ ခွဲစိတ်နိုင်သည်ကို တွေ့ရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းကို ထည့်သွင်းပြောကြားလိုကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတကာနှင့် နိုင်ငံအတွင်းမှာပင် ကိုဗစ်-၁၉ ရောဂါကြောင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လျော့နည်းကျဆင်းလာမှုများ တွေ့ကြုံနေရသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်း ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းခွင်စွန့်ခွာမှုများ ပြုလုပ်လာခဲ့သည့်အတွက် နိုင်ငံတစ်ဝန်းရှိသည့် ကျန်းမာရေးဝန်ထမ်းအင်အားသည် များစွာ လျော့နည်းခဲ့ရကြောင်း၊ ထိုသို့ လျော့နည်းခဲ့သည့်အတွက် လစ်ဟာသွားသည့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) အပါအဝင် တပ်မတောဆေးရုံ၊ ဆေးတပ်များမှ တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ ပြင်ပလူနာ ၅၁၀၃၆၃ ဦး၊ ဆေးရုံတက်လူနာ ၁၅၅၂၁၇ ဦးတို့ကို ပြုစုစောင့်ရှောက်ပေးနိုင်ခဲ့ပါကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံအနှံ့အပြားတွင်ရှိသည့်ဆေးရုံ၊ ဆေးတပ်များတွင် တာဝန်ထမ်းဆောင်ရန် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးနိုင်ရန် အတွက်လည်း ကြိုးစားဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော် ဆေးဘက်ဆိုင်ရာ သင်တန်းကျောင်းများမှ တစ်ဆင့် ဆရာဝန်၊ သူနာပြုများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိကြောင်း။

**တိုးချဲ့ဖွင့်လှစ်ပေးနိုင်**

တပ်မတော် ဆေးတက္ကသိုလ်အနေဖြင့် ဆေးပညာဘွဲ့များအပြင် ပညာရပ်ပိုင်းဆိုင်ရာ အဆင့်မြင့်ဘွဲ့များဖြစ်သည့် ဆေးပညာဘွဲ့လွန် ဒီပလိုမာအမျိုးအစားပေါင်း ၁၆ ခု၊ ဆေးပညာမဟာသိပ္ပံဘွဲ့ အမျိုးအစားပေါင်း ၂၇ ခုနှင့် ပါရဂူဘွဲ့အမျိုးအစားပေါင်း ၃၄ ခု တို့ကို တိုးချဲ့ ဖွင့်လှစ်ပေးနိုင်ပြီးဖြစ်ကြောင်း၊ ထိုသို့တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည့်အတွက် ယခုအချိန်အထိ ဆေးပညာဘွဲ့ရရှိသူ ၄၈၄၅ ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိသူ ၈၉ ဦး၊ ဒီပလိုမာဘွဲ့ရရှိသူ ၅၉၀၊ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိသူ ၂၇၈၂ ဦး၊ သွားဘက်ဆိုင်ရာ မဟာသိပ္ပံဘွဲ့ရရှိသူ ၅၀ နှင့် ပါရဂူဘွဲ့ရရှိသူ ၄၂၁ ဦးရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် နိုင်ငံတကာတက္ကသိုလ်များသို့ စေလွှတ်ပြီး အဆင့်မြင့်ဆေးပညာများကို လေ့လာသင်ကြားစေခဲ့ရာ နိုင်ငံတကာ တက္ကသိုလ်များမှ ဆေးပညာ မဟာသိပ္ပံဘွဲ့ရရှိသူ ၄၀၊ ပါရဂူဘွဲ့ရရှိသူ ၂၄ ဦးနှင့် တော်ဝင်သမားတော်ဘွဲ့ရရှိသူ ၂၂၇ ဦးတို့ ရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

တပ်မတော် ဆေးတက္ကသိုလ်နည်းတူ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်တွင်လည်း သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ ဒီပလိုမာသင်တန်း ခုနစ်မျိုး၊ သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ ဘွဲ့လွန်သင်တန်း အမျိုးအစား ခြောက်ခုနှင့် ပါရဂူသင်တန်း အမျိုးအစား သုံးခုတို့ကို တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် တပ်မတော်သူနာပြုနှင့်

စာမျက်နှာ ၅ သို့ »»»

››› စာမျက်နှာ ၄ မှ

ဆေးဘက်ပညာ တက္ကသိုလ်မှ သူနာပြုနှင့် ကျွမ်းကျင်သူ စုစုပေါင်း ၄၁၅၈ ဦး၊ ဘွဲ့လွန်ဒီပလိုမာရရှိသူ ၅၂၆ ဦး၊ မဟာဘွဲ့ရရှိသူ ၆၄၁ ဦးနှင့် ပါရဂူဘွဲ့ရရှိသူ ၃၀ ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းအပြင် သူနာပြုနှင့် ကျွမ်းကျင်သူများကို နိုင်ငံတကာသို့ စေလွှတ်ပြီး ပညာသင်စေခဲ့ရာ နိုင်ငံတကာ တက္ကသိုလ်များမှ မဟာဘွဲ့ရရှိသူ ငါးဦးနှင့် ပါရဂူဘွဲ့ရရှိသူ နှစ်ဦးရှိခဲ့သည်ကိုလည်း တွေ့ရှိရကြောင်း။

တက္ကသိုလ်ကြီးများက သင်တန်းသားများ၊ ကျောင်းဆင်းအရာရှိများကို အမှတ် (၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) အပါအဝင် တပ်မတော် ဆေးရုံကြီးများတွင် လက်တွေ့ဆေးပညာ ဆက်လက်သင်ကြားပြီး ပြုစုပျိုးထောင်ပေးနေခြင်းကြောင့် ခေတ်မီတပ်မတော် (Standard Army) တည်ဆောက်ရေးအတွက် အရေးကြီးဆုံးဖြစ်သည့် ဆေးဘက်ပညာပိုင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သကဲ့သို့ မြန်မာပြည်သူပြည်သား တို့အတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးရာတွင်လည်း များစွာအထောက်အကူပြုလျက်ရှိသည်ဟုဆိုရမည် ဖြစ်ကြောင်း။

**ကင်ဆာရောဂါသည် အဖြစ်အများဆုံးရောဂါတစ်ခုဖြစ်**

ကမ္ဘာပေါ်တွင် ကူးစက်နိုင်သောရောဂါများနှင့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားလျက်ရှိရာ မကူးစက်နိုင်သော ရောဂါများတွင် ကင်ဆာရောဂါသည် အဖြစ်အများဆုံး ရောဂါတစ်ခုပင်ဖြစ်ကြောင်း၊ ကင်ဆာရောဂါလူနာများ၏ ၆၀ ရာခိုင်နှုန်းခန့်သည် ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူနိုင်ရန် လိုအပ်ပါကြောင်း။

ကင်ဆာလူနာ များအတွက် ဓာတ်ရောင်ခြည်ကုသမှု လိုအပ်ချက်သည်တစ်စတစ်စများပြားလာသည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် တာဝန်ယူချိန်မှစပြီး Linear Accelerator (LA) ဟု ခေါ်သည့် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်ကြီးများနှင့် ခေတ်မီကုသရေး အဆောက်အအုံများကို တပ်မတော်ဆေးရုံကြီးများတွင် တိုးချဲ့ဆောက်လုပ် တပ်ဆင်ပေးခဲ့ရာမှ ယခင်က အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) (ရန်ကုန်)နှင့် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) (အောင်ပန်း)တို့၌သာ ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်ကြီးများ ကုသရာမှ ယခုအခါတွင် အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) (ပြင်ဦးလွင်)မှာပင် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်ကြီးများကို တပ်ဆင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါစက်သစ်ကြီးများ ရှိလာသည့်အတွက် မြန်မာပြည် အထက်ပိုင်းတွင်ရှိသည့် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ပြည်သူများအတွက် အားကိုးအားထားပြုရမည့်ကင်ဆာကုသပေးရာ ဌာနတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဆုရရှိသည့် အရာရှိတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ထို့အပြင် နေပြည်တော်တွင်ရှိသည့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) တွင်လည်း Cyberknife ဟုခေါ်သည့် အဆင့်မြင့် ဓာတ်ရောင်ခြည်ကုသစက်တစ်လုံး ရှိနေသည့်အတွက် ယနေ့အခါ တပ်မတော်ဆေးရုံကြီးလေးရုံတွင် ကင်ဆာရောဂါဝေဒနာရှင်များကို ခွဲစိတ်ခြင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်း၊ ကင်ဆာဆေးများဖြင့် ကုသခြင်းအစရှိသည့် ပြီးပြည့်စုံသော ကင်ဆာကုသမှုများကို ပြုလုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ကင်ဆာရောဂါကုသမှုလုပ်ငန်းများသည် သုတေသနလုပ်ငန်းများနှင့် ယှဉ်တွဲလုပ်ဆောင်ရခြင်းဖြစ်သည့်အတွက်တပ်မတော်ဆေးရုံကြီးလေးရုံမှ ကင်ဆာသုတေသန အချက်အလက်များကို အမြဲလေ့လာသုံးသပ်နေရန် လိုကြောင်း၊ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနက ပြုလုပ်ထားသည့် ကင်ဆာသုတေသန အချက်အလက်များနှင့် ပေါင်းစပ်လိုက်ပါက တစ်မျိုးသားလုံး၏ ကင်ဆာရောဂါနှင့်ပတ်သက်သည့် သုတေသနအချက်အလက်များ ပိုမိုပြည့်စုံစွာ သိရှိလာနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် မြန်မာနိုင်ငံသားများ၏ ကင်ဆာရောဂါနှင့်ပတ်သက်သည့် ရောဂါကြိုတင်ရှာဖွေရေး၊ ကုသရေး၊ ကာကွယ်ရေးလုပ်ငန်းများကိုပိုမိုထိရောက်စွာ ဆောင်ရွက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတကာတွင်လည်း ကျန်းမာရေးနှင့်ပတ်သက်၍ သုတေသနရလဒ်များသည် နှစ်စဉ်တိုးတက်နေခြင်း တွေ့ရှိနေရသည့်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ်ထိတွေ့၍ အတွေ့အကြုံဖလှယ်ပြီး မိမိနိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုများ ပိုမိုတိုးတက်စေရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့များသည် ပြည်သူလူထုအကျိုးပြု ဆေးကုသမှုလုပ်ငန်းများကို သာမန်အချိန်များတွင်သာမက သဘာဝဘေးအန္တရာယ်များ ကျရောက်သည့် အချိန်များတွင်လည်း ရှေ့တန်းကတတ်တတ်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတွင် အထူးဆေးကုသအဖွဲ့ ငါးဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စုစုပေါင်းလူနာ ၄၁၀၆၃ ဦးကို ပြုစုကုသပေးနိုင်ခဲ့ကြောင်း၊ အလားတူ ၂၀၁၀ ပြည့်နှစ်တွင်ဖြစ်ပွားခဲ့သည့် ဂီရိဆိုင်ကလုန်းမုန်တိုင်းတွင်လည်း အထူးဆေးကုသ အဖွဲ့သုံးဖွဲ့သည် ရခိုင်ပြည်နယ်တွင် စုစုပေါင်းလူနာ ၃၆၉၄ ဦးကို ဆေးကုသမှုများ ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ၂၀၁၁၊ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ဖြစ်ပွားခဲ့သည့် ရေဘေးအန္တရာယ်များတွင်လည်း အထူးကုဆေးအဖွဲ့ ၄၃ ဖွဲ့သည် ရေဘေးသင့်လူနာ စုစုပေါင်း ၅၇၆၀၉ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း။

**အားကြိုးမာန်တက် ဆောင်ရွက်ပေးခဲ့**

ယခုနှစ်အတွင်း မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားခဲ့ရာ ရခိုင်ပြည်နယ်ရှိ မြို့နယ် ရှစ်မြို့နယ်တွင် ဆေးဝန်ထမ်းတပ်ဖွဲ့မှ အထူးဆေးကုသအဖွဲ့ နှစ်ဖွဲ့နှင့် ကူညီကယ်ဆယ်ရေးဆေးအဖွဲ့ ၁၀ ဖွဲ့ စေလွှတ်ပြီး ဒေသခံပြည်သူလူထု စုစုပေါင်း ၂၈၃၄၉ ဦးအတွက် ဆေးကုသမှုနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန် အတွက် နယ်လှည့်ဆေးကုသရေး လုပ်ငန်းများကို ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လာခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်အနေဖြင့် ရွှေ့လျား ဆေးကုသယာဉ်ခြောက်စီး၊ အထူးစမ်းသပ်စစ်ဆေးသည့် ဓာတ်ခွဲခန်းယာဉ် တစ်စီး၊ ပင်လယ်သွား ဆေးရုံရေယာဉ်တစ်စင်းနှင့် မြစ်တွင်းသွား ဆေးရုံရေယာဉ် တစ်စင်းတို့ကို ဝယ်ယူဖြည့်တင်း ပေးထားခဲ့ကြောင်း။

ထို့အပြင် ဆေးဝန်ထမ်းတပ်ဖွဲ့သည် ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ကာလများတွင်လည်း ပြည်သူများအတွက် စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) တွင် မန္တလေးတိုင်းဒေသကြီး အတွင်းတွင်ရှိသည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် လူနာများကို အစွမ်းကုန် ပြုစုကုသပေးခဲ့သည့် အပြင် ခေတ်မီရောဂါရှာဖွေရေး နည်းလမ်းတစ်ခုဖြစ်သည့် PCR နည်းဖြင့် ကိုဗစ်-၁၉ ရောဂါ ရှာဖွေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုး လုပ်ငန်းစဉ်များတွင်လည်း ရှေ့တန်းက ပါဝင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂုဏ်ပြုမှတ်တမ်းတင်ကြောင်းကို ပြောကြားလိုပါကြောင်း။

ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် ပြည်သူအကျိုးပြုဆေးကုသမှုများ ဆောင် ရွက်ရာတွင် ဝေးလံခေါင်ဖျားဒေသများဖြစ်သည့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကိုလည်း သွားရောက် တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း၊ ၂၀၁၆ ခုနှစ်မှစပြီး ပါရဂူများ၊ ဆေးမှူးအရာရှိများကို လေးကြိမ်တိုင်တိုင် စေလွှတ်ခဲ့ရာ ယခုစတုတ္ထအကြိမ်မြောက်တွင် ပါရဂူ/ဆေးမှူး ၁၈ ဦးသည် တိုင်းရင်းသားညီအစ်ကိုများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဦးလည်မသုန် ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအကြိမ်စေလွှတ်ခဲ့ချိန်တွင် ဒေသခံပြည်သူလူထု ၂၀၂၃၂ ဦး၊ ဒုတိယအကြိမ်တွင် ၁၇၁၀၈၄ ဦးနှင့် တတိယအကြိမ်တွင်၉၃၆၀၀ စုစုပေါင်း၄၆၇၀၁၆ဦးတို့ကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း၊ ၎င်းသည် မိမိတို့ တပ်မတော်၏ တိုင်းရင်းသားပြည်သူများ၏အရေးနှင့်ပတ်သက်၍ အစဉ်အမြဲ ဦးထိပ်ထားဆောင်ရွက်ပေးနေခြင်းကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် နှစ်ပေါင်း ၁၀၀ ကာလအတွင်း တပ်မတော်မှ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့်အတွက် တပ်မတော်ရွှေရတုတံဆိပ်ရရှိသူ ၃၁ ဦး၊ တပ်မတော်စိန်ရတုတံဆိပ်ရရှိသူ ၁၁၂ ဦး ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းအပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်လက်မှတ် ရရှိသူ သုံးဦးနှင့် သူရဲကောင်းလက်မှတ်ရရှိသူ တစ်ဦးရှိခဲ့သည်ကိုလည်း တွေ့ရှိရကြောင်း။

**ဂုဏ်ပြုအသိအမှတ်ပြု**

ထို့ကြောင့် နိုင်ငံတော်၏ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတစ်လျှောက်နှင့် နိုင်ငံတော်တည်ဆောက်ရေးကာလ တစ်လျှောက်တွင်လည်းကောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေး စောင့်ရှောက်မှု၊ ကာကွယ်ကုသမှုများကို ဆောင်ရွက်ရာတွင် လည်းကောင်း၊ နှစ်ပေါင်း ၁၀၀ ကာလအတွင်းတွင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသည့် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ကျွမ်းကျင်သူများနှင့် စစ်သည်များအားလုံးကို ဂုဏ်ပြု အသိအမှတ်ပြုပါကြောင်း အလေးထား ပြောကြားလိုပါကြောင်း။

အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) သည် နှစ်ပေါင်း ၁၀၀ သက်တမ်း ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုနှစ်ပေါင်း ၁၀၀ ကာလတစ်လျှောက်တွင် ဆေးရုံကြီးတွင်ရှိသည့် ပါရဂူ၊ ဆေးမှူး၊ သူနာပြုနှင့် ကျွမ်းကျင်သူ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် တိုင်းပြည်နှင့်လူမျိုးအကျိုး၊ တပ်မတော်အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြကြောင်း၊ ဆေးရုံတွင်ရှိသည့် နှစ် ၁၀၀ သက်တမ်းရှိသည့် သမိုင်းဝင် အဆောက်အအုံများကို ဆက်လက် ထိန်းသိမ်းထားရှိသည့် နည်းတူ ဆေးပညာရပ်ဆိုင်ရာများကိုလည်း အမြဲတစေ ခေတ်မီတိုးတက်သော နည်းပညာများ အသုံးပြုနိုင်အောင် အားထုတ်ကြိုးပမ်းကြရမည် ဖြစ်ကြောင်း၊ ထို့အတူပင် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲမှ တင်ပြဆွေးနွေးကြမည့် ဆေးဘက်ဆိုင်ရာ သုတေသနတွေ့ရှိချက်များကို လက်တွေ့နယ်ပယ်တွင် ပြန်လည် အသုံးချနိုင်အောင် ကြိုးစားသွားရမည် ဖြစ်ကြောင်း၊ ဆေးတပ်ဖွဲ့ဝင်များ အနေဖြင့် ယခုကဲ့သို့အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းရင်း ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ တပ်မတော်သားများနှင့် မိသားစုများ၏ဆေးအကာအကွယ်ပေးရေး လုပ်ငန်းများတွင် ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၏ နှစ်(၁၀၀)ပြည့်ကာလမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဆက်လက် တည်တံ့ပါစေကြောင်းကို ဆုမွန်ကောင်းပို့သပါကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆုရရှိသည့် အရာရှိ တစ်ဦးကိုလည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆုရရှိသည့် စစ်သည်တစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် မှတ်တမ်းရုပ်သံ Video ကိုပြသပြီး နိုင်ငံကျော် အနုပညာရှင်များနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ထံ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးက နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြု ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တက်ရောက်လာကြသည့် အငြိမ်းစားဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားပြီး တက်ရောက် လာကြသူများနှင့်အတူ အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ပိုစတာများ၊ ဆေးနှင့် ဆေးပစ္စည်းပြခန်းများနှင့် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ပြခန်းများအတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ ကျောဖုံးမှ

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ တပ်နယ်ရှိ သင်တန်းသား၊ နည်းပြအရာရှိများနှင့် မိသားစုများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်အား ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက်၉ ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် အဆိုပါအခြေအနေတွင် တပ်မတော်သားများ ပါဝင်ဆောင်ရွက်နေမှုများကို သိရှိစေလို၍ ယခုကဲ့သို့လာရောက်တွေ့ဆုံခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ၊ ခရိုင်/ မြို့နယ်အဆင့် အထိ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်း၍ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းတာဝန် အရပ်ရပ်ကို နေ့ညမပြတ် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဖြစ်ပေါ်လာခြင်းသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများနှင့် ယှဉ်တွဲ အမြတ်ထုတ်လျက် နိုင်ငံတော် အာဏာသုံးရပ်ကို အဓမ္မရယူရန် ကြိုးပမ်းမှုအတွက် အဆိုပါ ပြဿနာရပ်များအပေါ် တပ်မတော်က ဖြေရှင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုမှုအပေါ် တာဝန်ရှိသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ မသိကျိုးကျွံပြုလျက် ပြဿနာရပ်အပေါ် ရှောင်လွှဲမှုများကြောင့် ဖြစ်ပေါ်လာရသည်ကို အားလုံးက သိရှိပြီး ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နိုင်ငံ့အာဏာ အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ္တထိန်းသိမ်းရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ ရှေ့လုပ်ငန်း စဉ် ၅ ရပ် ၊ ဦးတည်ချက် ၁၂ ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစပြီး ပြောင်းလဲဖြစ်ပေါ်လာသော အခြေအနေများအရ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို ပြောင်းလဲချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ယခင် ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် ဖြစ်ပေါ်နေသော မဲမသမာမှုဆိုင်ရာများ ဖြေရှင်းရန်ကိစ္စ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရန် ကိစ္စနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် ယိုင်နဲ့နေသော စီးပွားရေးကို ပြန်လည်တည့်မတ်ရန် ဆိုသည့် အချက် ၃ ချက်မှာ ယနေ့အချိန်တွင် ဖြေရှင်းဆောင်ရွက်ပြီးဖြစ်၍ ယနေ့အချိန်နှင့် ကိုက်ညီသည့် တစ်နိုင်ငံလုံး အတိုင်းအတာအရ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားရေးတို့ အတွက်လည်းကောင်း၊ စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီ နှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန် အတွက်လည်းကောင်း စသည့် အချက် ၃ ချက်ဖြင့် အစားထိုး ပြင်ဆင်လျက် ငြိမ်းချမ်းရေးဆိုင်ရာ နှင့် အထွေထွေရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကိုမူ နိုင်ငံတော်၏ မူလရည်မှန်းချက်အတိုင်း ရှေ့လုပ်ငန်းစဉ်၌ ထည့်သွင်းလျက် အဆိုပါ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်၍ ဦးတည်ချက် ၉ ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက် ၂ ရပ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး၊ အမျိုးသားရည်မှန်းချက် ၂ ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး တို့ကို အကောင်အထည်ဖော် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်သည် ပြည်သူ၏ဆန္ဒအရ ရွေးချယ်ထားသောစနစ်ဖြစ်ပြီး အစိုးရသက်တမ်း နှစ်ဆက်တိုင် ကျင့်သုံးဆောင်ရွက်ခဲ့သော စနစ်ဖြစ်၍ ပြည်သူ့ဆန္ဒကို မျက်ကွယ်ပြု၍ မရကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ထိုသို့ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံရေးအရ၊ စီးပွားရေးအရ မိမိတို့နိုင်ငံအပေါ် ပိတ်ဆို့မှုများရှိသော်လည်း စုပေါင်းညီညာ အောင်ကြောင်းဖြာဆိုသည့်အတိုင်း နိုင်ငံသူ နိုင်ငံသားအားလုံး မိမိတို့ အစိုးရနှင့်အတူ စည်းစည်းလုံးလုံး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်မှုကြောင့် လက်ရှိဖြစ်ပွားနေသော နိုင်ငံတကာ ပဋိပက္ခများတွင် ကမ္ဘာ့စီးပွားရေး ထိခိုက်မှုများကို နိုင်ငံအားလုံး အနည်းနှင့်အများ ခံစားနေကြရသည့် အခြေအနေတွင် မိမိတို့ နိုင်ငံအနေဖြင့် ထိခိုက်မှုများရှိခဲ့သော်လည်း အထိုက်အလျောက် စီးပွားရေးတိုးတက်မှု ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထာဝရ ငြိမ်းချမ်းရေးရရှိရေးအတွက် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဖွဲ့စည်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် လက်မှတ်ရေးထိုးထားပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား NCA နှင့်အညီ ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး ၈ နှစ်မြောက် NCA နှစ်ပတ်လည် အခမ်းအနားကိုလည်း ယခုလ အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထာဝရ ငြိမ်းချမ်းရေး အတွက်လည်း နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် အမြဲတမ်းပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်လျက်ရှိသကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိသောအဖွဲ့များနှင့် NCA လမ်းကြောင်းအပါအဝင် လွှတ်တော်လမ်းကြောင်းမှ တစ်ဆင့် မိမိတို့၏ လိုအင်ဆန္ဒများကို တရားဝင်တောင်းဆိုခွင့် ရရှိရေးကိုလည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် အပြန်အလှန် ပွင့်လင်းမြင်သာစွာဆွေးနွေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ အန္တိမရည်မှန်းချက်ဖြစ်သော အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ဖြစ်ပေါ်လာရေးအတွက် အရေးကြီးသည့် အချက် ၁ ချက်ဖြစ်သည့် “ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ပြင်ဆင်လျက်ရှိကြောင်း၊ မဲပေးနိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာ မဲပေးနိုင်ရန်နှင့် မှန်ကန်သော ရွေးကောက်ပွဲဖြစ်ရေးမှာ အရေးကြီးဆုံးဖြစ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူဆောင်ရွက်ပေးရမည့် အထွေထွေရွေးကောက်ပွဲတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကဲ့သို့ နိုင်ငံတော်၏ ဒီမိုကရေစီသမိုင်းကြောင်း အမည်းစက်မဖြစ်စေရေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်များမှလည်း လိုအပ်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေစည်းမျဉ်းများ၊ ပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေများကို ရေပက်မဝင် မှားယွင်းမှုမရှိစေရေး ပြင်ဆင်လျက်ရှိသကဲ့သို့ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတိုင်း အသည်းကြားမှ မဲတစ်ပြားကို တစ်ကြိမ်လျှင် တစ်ယောက်သာ တိတိကျကျမဲပေးနိုင်ရေး၊ နိုင်ငံသားမှတ်ပုံတင် စိစစ်ခြင်းအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် IT နည်းပညာသုံးလျက် နိုင်ငံသားစိစစ်ရေးကတ်များ မှားယွင်းမှု၊ ထပ်နေမှု၊ ကွဲလွဲမှုစသည့် ချို့ယွင်းချက်များ မရှိစေရေး ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်အစိုးရအဆက်ဆက် စီမံကိန်းများ အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိသည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကိုလည်း ၂၀၂၄ ခုနှစ် အကြိုကာလအဖြစ် ယခု ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ စမ်းသပ် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကိုလည်း စတင်ဆောင်ရွက်နေပြီး ဖြစ်ကြောင်း နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ် ဆောင်ရွက်နေမှုအား လိုရင်းတိုရှင်း ဆွေးနွေးပြောကြားသည်။

**တပ်မတော်သားတိုင်း၏တာဝန်**

ၑင်းနောက် တပ်မတော်၏ ပါဝင် ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ပြောကြားရာတွင် တပ်မတော်သားတိုင်း၏ တာဝန်မှာ နိုင်ငံတော်ကာကွယ်ရေး တာဝန်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် ဒွိတာဝန် အရေးသုံးပါးကို အခြေခံ၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်၊ နိုင်ငံ၏ ရည်မှန်းချက် ၂ ရပ်နှင့် အမျိုးသားရေး ရည်မှန်းချက် ၂ ရပ် အကောင်အထည်ဖော်ရာတွင် တပ်မတော်သားများ အနေဖြင့် ကျရာအခန်းကဏ္ဍမှ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရမှာဖြစ်ကြောင်း၊ ထိုသို့ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်မှာ တိုက်စွမ်းအား၊ တိုက်စွမ်းရည် တိုးတက်မြင့်မားရန် အရေးကြီးကြောင်း။ **စာမျက်နှာ ၇ သို့ ☆**

❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက် ၂ ရပ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုးသားရည်မှန်းချက် ၂ ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

❖ **ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ်လိုအပ်**

❖ **တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဖွဲ့စည်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

❖ **တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် လက်မှတ်ရေးထိုးထားပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား NCA နှင့်အညီ ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး ၈ နှစ်မြောက် NCA နှစ်ပတ်လည် အခမ်းအနားကိုလည်း ယခုလ အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်**

☆ စာမျက်နှာ ၆ မှ

ပြင်ဦးလွင်တပ်နယ်သည် တပ်မတော်၏ လူ့စွမ်းအားအရင်းအမြစ်ကို စနစ်တကျ မွေးထုတ်ပေးနေသည့် တပ်နယ်ကြီးတစ်ခုဖြစ်ပြီး အဆင့်မြင့်လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ မြေပြင်၊ ရေပြင်နှင့် ဝေဟင်ပိုင်နက်များကို အပြည့်အဝကာကွယ်နိုင်ရန် အထောက်အကူပြုလျက်ရှိသည့် လက်ရုံးတပ်ဖွဲ့များအတွက်လည်း လိုအပ်သည့်သင်တန်းများကို လေ့ကျင့်မွေးထုတ်ပေးရာ တပ်နယ်တစ်ခုလည်းဖြစ်ကြောင်း၊ တပ်နယ်ရှိ သင်တန်းကျောင်းအသီးသီးမှ နည်းပြများအနေဖြင့် မိမိတို့ကိုယ်တိုင် ပညာပြည့်ဝနေအောင် မပြတ်လေ့လာဆည်းပူးနေရန် လိုအပ်သကဲ့သို့ သင်ကြားသင်ယူနေသည့် သင်တန်းသားများ အမှန်တကယ် တတ်မြောက်ကျွမ်းကျင်ရန် စေတနာထား၍ မိမိတို့ထက် တော်သည့်၊ တတ်သည့် တပည့်များဖြစ်အောင် သင်ကြားလေ့ကျင့်ပေးရန်လည်း လိုကြောင်း။

**ဝင်ငွေနှင့် ထွက်ငွေကို မျှတစွာသုံးစွဲတတ်ရန် လိုအပ်**

ကွပ်ကဲကြပ်မတ်ရသည့် တာဝန်ရှိသူများအနေဖြင့်လည်း ကွပ်ကဲမှုအောက် အရာရှိ၊ စစ်သည်များကို မိမိ၏ မိသားစုများသဖွယ် ခံယူပြီး သက်သာချောင်ချိမှုကို အလေးထားဖြည့်ဆည်းပေးနေရန် လိုကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် လုပ်ငန်းတာဝန်များကို ရိုးသားဖြောင့်မတ်စွာဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် မိမိဝင်ငွေနှင့် ထွက်ငွေကို မျှတစွာသုံးစွဲတတ်ရန်လိုအပ်ပြီး တာဝန်ရှိသူများမှလည်း သက်သာချောင်ချိမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဝင်ငွေနှင့် ထွက်ငွေမျှတစေရေး၊ ခြိုးခြံချွေတာရန် လိုအပ်သကဲ့သို့ ကုန်ကျနိုင်မည့် အရက်၊ ဆေးလိပ်၊ ကွမ်း အပါအဝင် လူမှုရေးဆိုင်ရာ ကိစ္စ၊ လောင်းကစားမှုဆိုင်ရာကိစ္စစသည့် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း အရာရှိ၊ စစ်သည်၊ မိသားစုများ လိုက်နာရန် လိုအပ်ကြောင်း၊ ၎င်းအပြင် အပိုဝင်ငွေရရှိရေးနှင့် စားရေးအထောက်အကူပြုနိုင်သည့် မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ မိမိအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ သို့မှသာ မကြောင့်မကျသောစိတ်ဖြင့် ပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်ကို စွမ်းရည်ထက်မြက်သော တပ်မတော်အဖြစ် တည်ဆောက်ရာတွင် အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ တပ်နယ်ဖြစ်၍ မိမိတို့၏ တာဝန်ထမ်းဆောင်မှုအပေါ် ဂုဏ်ယူစွာဖြင့် ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီးက ထောက်ပံ့ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃/၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းအပါအဝင် လုပ်ငန်းသစ်ခြောက်ခုကို ခွင့်ပြု





**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၈) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ရှစ်ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် လျှပ်စစ်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်ခြောက်ခုကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၉၈ သန်းနှင့် ငွေကျပ် ၃၁၄၇၃၉ ဒသမ ၁၄၁ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၆၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ယနေ့အစည်းအဝေးက ခွင့်ပြုခဲ့သော လုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အမျိုးအစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းလည်း ပါဝင်သည်။

၂၀၂၃ ခုနှစ် ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို လည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ NCA နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဦးစီးကော်မတီတွင် ပါဝင်သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားရာတွင် NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် ပတ်သက်၍ လုပ်ငန်းကော်မတီအလိုက် မိမိတို့ တာဝန်ယူရမည့်လုပ်ငန်းများ လစ်ဟာမှုမရှိစေရေး စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန်၊ လုပ်ငန်းများ အောင်မြင်ပြီးမြောက်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် ကော်မတီအလိုက် ဘဏ္ဍာငွေသုံးစွဲမှု ခြိုးခြံချွေတာဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။ ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီးဝဏ္ဏအောင်က အခမ်းအနား ကျင်းပရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များက မိမိတို့လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပအိုဝ်း၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိ မြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**တောင်ကြီး အောက်တိုဘာ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပအိုဝ်း၊ ဓနု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ယနေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံသည်။



**ရှင်းလင်းပြောကြား**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေသ၏ ပညာရေး၊ ကျန်းမာရေး လမ်းပန်းဆက်သွယ်ရေး စသည့် လိုအပ်ချက်များ၊ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များကို မိမိတို့အနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက ပြည်ထောင်စုအဆင့်မှ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ဒေသခံပြည်သူ လူထုနှင့် လာရောက် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ ဒေသ၏လိုအပ်ချက်များအပေါ် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်ဖြင့် ဆောင်ရွက်နိုင်သည့်အပိုင်းကို ပြည်နယ်ဝန်ကြီးချုပ်က ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမှ ဆောင်ရွက်ပေးရမည့်ကဏ္ဍများကို ပြည်ထောင်စုအဆင့်သို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။




**ဖြေရှင်းဆောင်ရွက်**

ဆက်လက်၍ တက်ရောက်လာကြသော ပအိုဝ်း၊ ဓနု၊ အင်း စာပေယဉ်ကျေးမှု အဖွဲ့များနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဆန်စက်လုပ်ငန်းရှင်များအသင်း၊ အာလူး လုပ်ငန်းရှင်များအသင်း၊ မဲနယ်တောင်ဒေသ ကော်ဖီစိုက်အစုအဖွဲ့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီလုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများက ဒေသလိုအပ်ချက်များ တင်ပြဆွေးနွေးကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့နှင့် စီးပွားရေး လုပ်ငန်းရှင်များ၏ လိုအပ်ချက် တင်ပြမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးသည်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်း တို့က တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လောက်ကိုင်မြို့၌(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**လောက်ကိုင် အောက်တိုဘာ ၂**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားအား ကစဖ (ကိုးကန့်)ရုံး အမျိုးသားကဇာတ်ရုံအတွင်း ယမန်နေ့နံနက် ၉ နာရီက ကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင် ထံမှပေးပို့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုသဝဏ်လွှာကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲကွပ်ကဲမှုအဖွဲ့ ရဲကွပ်ကဲမှု အဖွဲ့မှူး ဒုတိယရဲမှူးကြီးညွန့်လွင်ဦးက ဖတ်ကြားခဲ့သည်။

ထို့နောက် ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်ဂုဏ်ပြု ဗီဒီယိုကလစ်ကို ပြသသည်။ ယင်းနောက် ရဲတပ်ဖွဲ့လုပ်ငန်းများအား စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များ၊ ကိုးကန့်ဒေသရဲတပ်ဖွဲ့ဝင်များ၊ ပူပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး (ကစဖ ကိုးကန့်အဖွဲ့ဝင်)၊ ဦးခင်မောင်လွင်(ကစဖ ကိုးကန့်အဖွဲ့ဝင်)၊ BGF-၁၀၀၆ မှ ဗိုလ်မှူး ရန်ရှောက်ရှင်း၊ မစဖ(လောက်ကိုင်)မှ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိသားစုဝင်များ၊ ကိုးကန့်ဒေသရဲတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ စုစုပေါင်း ၇၅ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့စစ်ဆေးစဉ် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် စက်ရုံတည်ဆောက်ရေး စီမံကိန်းမှ တာဝန်ရှိသူများက Technical Audit Team ၏ Overview Report အရ ဆောင်ရွက်ရမည့် လုပ်ငန်း(၄၆၁) ချက်နှင့် Remaining Work (၁၉၁) ချက်တို့နှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး အကြံပြုချက်များအပေါ် ဆောင်ရွက်မှု၊ Danieli Technical Report ပါ အချက်အလက်များအပေါ် ဆောင်ရွက်မှု၊ Water Treatment Technical Team ၏ First Lift Pump House, Second Lift Pump House, Drinking Water Plant နှင့် Water Treatment Plant တို့၏ ရေသန့်စင်မှု စနစ်နှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စက်ရုံရှိ စက်ပစ္စည်းကိရိယာများ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို မှတ်တမ်းထားရှိရန်၊ ပြုပြင်ပြီး စက်ပစ္စည်းကိရိယာများကိုလည်း ပျက်စီးမှုမရှိစေရေးအတွက် စစ်ဆေးစမ်းသပ်မောင်းနှင်မည့် အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊ စက်ရုံ၏ သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်မှု လုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းအားလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးစားဆောင်ရွက်ရန်နှင့် အလုပ်ရုံခွဲများအလိုက် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် စက်ပစ္စည်းများအား ကိုင်တွယ်မောင်းနှင်မှုနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို သတ်မှတ်ကာလအလိုက် ပုံမှန်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပထမအဆင့် ရေတွန်းအလုပ်ရုံ၊ ဒုတိယအဆင့် ရေတွန်းအလုပ်ရုံ၊ ရေသန့်စင်အလုပ်ရုံနှင့် စွန့်ပစ်အပူသုံးဘွိုင်လာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂**

ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ **မိုး/ဇလ**

# လူမှုဖူလုံရေးအဖွဲ့၏ ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်ဆိုင်ရာ အသိပညာရပ်များကို လက်တွေ့ လုပ်ငန်းခွင်တွင်ကျင့်သုံးပြီး စဉ်ဆက် မပြတ် လေ့လာသင်ယူခြင်းဖြင့် မိမိ၏ စွမ်းရည်နှင့် ကျွမ်းကျင်မှုများကို မြှင့်တင် သွားရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၏ အကျိုး၊ ဝန်ကြီးဌာန၏ အကျိုးအတွက် လူမှုဖူလုံရေးအဖွဲ့၏ မျှော်မှန်းချက် ဖြစ်သည့် လူမှုဖူလုံရေးစီမံကိန်းကို တစ်မျိုးသားလုံး အကျုံးဝင်သည့် စီမံကိန်း ဖြစ်လာစေရန်နှင့် နိုင်ငံတကာအဆင့် လူမှုဖူလုံရေးစနစ်များကို အကောင် အထည်ဖော်နိုင်ရေးအတွက် ဝန်ထမ်း များအနေဖြင့် အရည်အချင်း ပြည့်ဝ ကျွမ်းကျင်မှု၊ လုံ့လဝီရိယနှင့် တာဝန် ကျေပွန်မှု၊ စိတ်ဓာတ်နှင့် စည်းကမ်းများ ကောင်းမွန်ပြီး အားသွန်ခွန်စိုက်လိုက်ပါ ဆောင်ရွက်ပေးကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်မွမ်းမံ သင်တန်း သင်ကြားပို့ချနေမှုကို ကြည့်ရှု အားပေးသည်။

အဆိုပါသင်တန်းကို လူမှုဖူလုံရေး အဖွဲ့လက်အောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်၊ မြို့နယ်ရုံးခွဲများမှ ဒုတိယဦးစီးမှူးအဆင့်ရှိ သင်တန်းသား ၇၅ ဦးကို Hybrid Training ပုံစံဖြင့် အောက်တိုဘာ ၂ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်း လုပ်ငန်းမှတ်ပုံတင်နိုင်ရေး အသိပညာပေးခြင်းနှင့် eComReg System စနစ် ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် ဇူလိုင် ၂၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃)နှင့် (၅၁/၂၀၂၃) အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်းများ မှတ်ပုံတင်လက်မှတ် လျှောက်ထားနိုင်ရေးအတွက် မှတ်ပုံတင် လျှောက်ထားသည့် စနစ် မိတ်ဆက်ခြင်းနှင့် အသိပညာပေးအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ခန်းမ၌ ကျင်းပသည်။




**အမှာစကားပြောကြား**

ဖွင့်ပွဲအခမ်းအနား၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ် ဦးသိန်းထွန်းဦးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်ဇေယျာလွင်က ကြိုဆို နှုတ်ခွန်းဆက် စကားပြောကြား သည်။

ဆက်လက်ပြီး စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးထက်ဝင်း အောင်က အမိန့်ကြော်ငြာစာ အမှတ် (၅၁/၂၀၂၃) ထုတ်ပြန် ထားရှိမှု အခြေအနေနှင့် လိုက်နာ ဆောင်ရွက်ရမည့် စည်းကမ်း သတ်မှတ်ချက်များနှင့် ကုန်သွယ် ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဝင်းက အွန်လိုင်းစနစ်ဖြင့်ရောင်းချသူများ မှတ်ပုံတင်လက်မှတ် လျှောက်ထား ရမည့် e-Commerce Registration (Online) System နှင့် စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ် လျှောက် ထားရာတွင် လိုက်နာရမည့် ကိစ္စ ရပ်များကို ရှင်းလင်းပြောကြား ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင်က အွန်လိုင်း စနစ်ဖြင့် ရောင်းချသူများ (Online Sales) မှတ်ပုံတင်နိုင်ရေး ကူညီ ဆောင်ရွက်ပေးနိုင်မည့် အခြေ အနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက် လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ဆွေးနွေးဖြေကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၏ အမိန့် ကြော်ငြာစာအမှတ် (၅၁/၂၀၂၃) အရ အွန်လိုင်းစနစ်ဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ရောင်းချ သူများအားလုံးသည် မှတ်ပုံတင် လက်မှတ် လျှောက်ထားရန် အကျုံးဝင်ပြီး မှတ်ပုံတင်လက်မှတ် လျှောက်ထားလိုသူများသည် ရုံး၊ ဌာနများသို့ လူကိုယ်တိုင် လာရောက်ဆောင်ရွက်ရန် မလို အပ်ဘဲ www.ecomreg.gov.mm မှတစ်ဆင့် ယနေ့မှစတင်၍ အွန်လိုင်းစနစ်ဖြင့် လျှောက်ထား ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# မှော်ဘီမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲကျင်းပ

**မှော်ဘီ အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို မှော်ဘီမြို့နယ် မီးသတ်ဦးစီး ဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝေမိုးအောင် က မှော်ဘီမြို့နယ်အတွင်းရှိ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေးစွမ်းရည်၊ မီးငြိမ်းသတ်ရေး စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်များ ပြည့်ဝစေရန်ရည်ရွယ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို ဖွင့်လှစ် ရခြင်းဖြစ်ကြောင်းပြောကြားပြီး လက်တွေ့သရုပ်ပြ လေ့ကျင့်ကြ ကြောင်း သိရသည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း ကို သင်တန်းသား ၅၀ ဖြင့် အောက်တိုဘာ ၂ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းတွင် မီးသတ်ပညာဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးပညာဘာသာရပ်နှင့် ရှေးဦးသူနာပြုစုခြင်း ဘာသာ ရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရ သည်။

**ဝင်းဇော်(မှော်ဘီ)**



# တပ်ကုန်းမြို့၌ နေကြာစိုက်တောင်သူများပူးပေါင်းပါဝင် ဆောင်ရွက်သော မိုးနေကြာ(ဆင်းရွှေကြာ-၂) မျိုးမြှင့်တင်ရွေးချယ်ခြင်းဆောင်ရွက်

**တပ်ကုန်း အောက်တိုဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာအုပ်စု ညောင်ငါးပင်ကျေးရွာနှင့် ရေအေးကျေးရွာ အုပ်စု ရေအေးကျေးရွာတို့တွင် နေကြာစိုက်တောင်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်သော မိုးနေကြာ (ဆင်းရွှေကြာ-၂) မျိုးမြှင့်တင်ရွေးချယ်ခြင်း ကို ယနေ့နံနက်ပိုင်းက ညောင်ငါးပင်ကျေးရွာ ကွင်းအမှတ် (၁၂၇၉) တောင်သူ ဦးဇော်မိုး၏ နေကြာစိုက်ခင်းတွင် ကျင်းပသည်။

အဆိုပါမြှင့်တင်ရွေးချယ်ရာတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မှ ဦးစီးအရာရှိဦးထွန်းညွန့်က (ဆင်းရွှေကြာ-၂) မျိုးမြှင့်တင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နေကြာစိုက်ပျိုးတောင်သူများ တင်ပြဆွေးနွေးချက်များကို ပြန်လည်ဖြေကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ထို့နောက် ဆင်းရွှေကြာ-၂ နေကြာစိုက်ခင်းမှ အပွင့်အချင်း ၅ ဒသမ ၅ လက်မ အထက်ရှိ အပွင့် ၁၂၀၀ ရွေးချယ်၍ နေကြာ ၁၂ ဧက ပြန်လည် စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ရွေးချယ်စိုက်ပျိုးထားသည့် စိုက်ခင်းမျိုးများကို နောက်ထပ် ဧက ၅၀၀ ပြန်လည်စိုက်ပျိုးနိုင်ရေး ဦးစီးအရာရှိနှင့် နေကြာစိုက်တောင်သူများ အပြန်အလှန်ဆွေးနွေး ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး

# နိုင်ငံနဲ့ လူ့အဖွဲ့အစည်းရဲ့အနာဂတ်ဟာ ဆရာများရဲ့ပခုံးပေါ်မှာပါ

ဒေါက်တာမောင်သင်း

“ဆရာတိုင်းတော်၍ ကောင်းနေကြပါမှ ပညာရေးပေါ်တွင် တည်မှီနေသော နိုင်ငံတော် ကောင်းလာနိုင်မည်။ ဆရာတို့သည် မိမိတို့လက်ဝယ် ဆုပ်ကိုင်ထားသည့် အနာဂတ်နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းအား အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ပေးကြပါ။”

မာဆာတိုရှီ–ကိုရှီဘာ

(၂၀၀၂ – ဂျပန်ရှုပဗေဒနိုဘယ်ဆုရှင်)

ဂျပန်ပညာရှင်ကြီးကဲ့သို့ပင် လက်ရှိ စင်ကာပူ ဝန်ကြီးချုပ် လီရှန်လွန်း၏ အဆိုတစ်ခုကိုလည်း ဖော်ညွှန်းခဲ့ဖူးပါသည်။ ၎င်းမှာ **“ဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်လာခြင်းဟာ သူ့နိုင်ငံသားတွေ ကောင်းကြတော်ကြလို့ပါ။ ကောင်းသလောက် တော်ကြတဲ့ နိုင်ငံသားတွေကြွယ်ဝဖို့တော့ အဲဒီနိုင်ငံရဲ့ ပညာရေးမှာ အရည်အသွေးမြင့်တဲ့ ဆရာတွေရှိနေမှ ဖြစ်မှာပါ”** ဖြစ်ပါသည်။

မြန်မာ့လူမှုအသိုင်းအဝိုင်းက ဆရာသည် အနန္တဂိုဏ်းဝင်ဖြစ်ရုံသာမက နိုင်ငံ့အရေးအရာ၊ နိုင်ငံ့အနာဂတ်ပဲ့ကိုင်ရှင်များပါ ဖြစ်လာကြပါပြီ။ နိုင်ငံ့ကံကြမ္မာဖန်တီးသူများဘဝကို ပိုင်ဆိုင်နေပါပြီဟု နိဒါန်းချီပါရစေ။ ဤသို့ဆိုလျှင် အဆိုပါ နိုင်ငံတကာအမြင်ကို စတင်ခံယူကျင့်သုံးရမှာက မြန်မာ့ဆရာများကိုယ်တိုင်ပင်တည်း။ ကိုယ့်မြင့်မြတ်သည့် တာဝန်နှင့် တန်ဖိုးကို ဆရာများကိုယ်တိုင်က အရင်ဆုံးခံယူတတ်ပြီး နေထိုင်ကျင့်ကြံကာ အရည်အသွေးကို ဖြည့်ဆည်းနေနိုင်ပါမှ ကိုယ်လေ့ကျင့်ပေးရမည့် တပည့်များ၏ တန်ဖိုးကိုလည်း ကြည့်တတ်၊ မြင်တတ်ကာ မြင့်မားအောင် လေ့ကျင့်ပေးနိုင်ကြမည်ဖြစ်ပါသည်။

နောက်ဆုံးတွင် အနာဂတ်မျိုးဆက်သစ်များသည် **“ဤအမိမြန်မာနိုင်ငံတွင် မွေးဖွားရခြင်း၊ မြန်မာနိုင်ငံသားဖြစ်ရခြင်းကို ဂုဏ်ယူတတ်ပြီး မိမိနိုင်ငံဂုဏ်တက်အောင် စွမ်းဆောင်ပေးမည့် နိုင်ငံသားကောင်းများ ဖြစ်ထွန်းလာသည်အထိ”** လေ့ကျင့်ပေးရမှာသည် တော်သလောက် ကောင်းသည့် **“ဆရာများ၏ ကြီးမြတ်သည့်တာဝန်နှင့် ဝတ္တရား”** ပင်ဖြစ်ပေသည်။

**ကျောင်းဆရာဆိုတာ ပညာရေးကို ရှေ့တန်းက ဦးဆောင်နေသူများပါ**

လူတိုင်းအရည်အသွေးမြင့်မားစေရန် နိုင်ငံတိုင်းမှာ ပညာရေးအစီအစဉ်ရှိသည်။ အကောင်အထည်ဖော်မှု အနိမ့်အမြင့်သာကွာ၏။ အဆိုပါ ပညာရေးအစီအစဉ်ကို ခေတ်အဆက်ဆက်တွင် ရှေ့တန်းက အကောင်အထည်ဖော်နေကြသည်မှာလည်း ဆရာ ဆရာမများပါ။ နိုင်ငံရေးအခြေအနေအရ “အရင်းရှင်”၊ “ဆိုရှယ်လစ်၊ ကွန်မြူနစ်”၊ “ဒီမိုကရေစီ”ဟုသာ ဖွံ့ဖြိုးမှုဆီ သွားရာလမ်း ကွဲပြားနေသော်လည်း ပညာရေးကို အကောင်အထည်ဖော်သည့်အစီအစဉ်ကတော့ ရှိမြဲပင်။




အဘယ်ကြောင့်ဆိုသော် ပညာရေးသည် လူ့အဖွဲ့အစည်းရှင်သန်မှု၏ ဝိညာဉ်ပင်ဖြစ်ပါသည်။ နိုင်ငံတည်တံ့နေသမျှ နိုင်ငံဖွံ့ဖြိုးမှုမဏ္ဍိုင်ပညာရေးကို ရှေ့တန်းက အကောင်အထည်ဖော်နေသည့် ဆရာကောင်း၊ ဆရာမြတ်များလည်း ရှိနေရပေမည်။ ပညာရေးသည် ခေတ်တစ်ခေတ်အတွက်သာ မဟုတ်။ ခေတ်တိုင်း၊ မျိုးဆက်တိုင်းအတွက် ဖြစ်နေရပေမည်။ ပြီးလျှင် ခေတ်ကို ကြိုမြင်နိုင်စွမ်း ရှိရမည်။ နိုင်ငံ၊ လူ့အဖွဲ့အစည်း၏ မျိုးဆက်တိုင်း တော်သလောက်ကောင်းအောင် လေ့ကျင့်ပေးနိုင်သည့် လူတန်းစားမှာ ဆရာမှလွဲ၍ အခြားသူများ မရှိပေ။ လူသားမျိုးဆက်ကို ထက်မြက်အောင် လေ့ကျင့်ပေးပြီး အဖွဲ့အစည်းကို မြင့်မားအောင်၊ ငြိမ်းချမ်းအောင်လုပ်နေသူမှာ ဆရာများဖြစ်၍ ၎င်းတို့သည် ခေတ်အဆက်ဆက်တွင် ပညာရေး၏ ရှေ့တန်းတိုက်စစ်မှူး၊ အနာဂတ်လူ့အဖွဲ့အစည်း၏ ဖန်တီးရှင်များပင်ဖြစ်ပါသည်။ ကလေးများကို ဖတ်စာအုပ်ထဲမှ စာလောက်သာဖတ်ပြီး ပြန်သင်တတ်သည့်လုပ်ငန်းကို လုပ်နေသူများ၊ စာမေးပွဲ ရမှတ် ပြိုင်နေကြသူများမဟုတ်ပါဆိုတာ ထင်ရှားပါပြီ။

ဆရာဟူသည့် ဝိသေသကို ပိုင်ဆိုင်သူများတွင် **“ကျောင်းသင်ပညာရေး”** (Formal Education) ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေကြသော **“ကျောင်းဆရာများ”**ကိုသာ ယခုဆောင်းပါးတွင် အဓိကရည်ညွှန်းလိုပါသည်။ ကျောင်းသင်ပညာရေး (Formal Education)၊ ကျောင်းပြင်ပပညာရေး (Non–Informal Education) နှင့် ကိုယ်တိုင်သင်ယူပညာရေး (Informal Education) ဟူ၍ ပညာရေးကို အကောင်အထည်ဖော်မှု (Educational Delivery System) သုံးခုရှိသည့်အနက် ကျောင်းသင်ပညာရေးကို ရှေ့ဆုံးမှ အကောင်အထည်ဖော်နေသော ဆရာအရေအတွက်သည် အများဆုံးဖြစ်သလို အဆိုပါပညာရေးဖြင့် နိုင်ငံနှင့် လူ့အဖွဲ့အစည်း၏ အနာဂတ်ကို ရှေ့တန်းက ထိထိရောက်ရောက် အကောင်အထည်ဖော်နေကြသူများလည်းဖြစ်ကြပါသည်။

မည်သည့်အတွက်ကြောင့် ထိရောက်သည်ဟု ပြောရသည်လည်းဆိုလျှင် ဆရာနှင့်တပည့် မျက်နှာချင်းဆိုင်ပြီး ဆရာအတွေ့အကြုံများကို တိတိပပ လက်ဆင့်ကမ်းနိုင်သလို ကျောင်းသား၏ အားနည်းချက်၊ အားသာချက်ကိုမြင်ပြီး ပြင်ဆင်ပေးနိုင်သောကြောင့်ဖြစ်သည်။ ထို့အပြင် နိုင်ငံ့အနာဂတ်နှင့် ကျောင်းသားတစ်ဦးစီ၏ ဖွံ့ဖြိုးမှုလမ်းကြောင်းကို ထင်းနေအောင် ညွှန်ပြနိုင်စွမ်းရှိရန်ဖြစ်ပါသည်။

**အနာဂတ်အတွက် အသင့်ပြင်ဆင်ပေးနေသူများပါ**

တကယ်တော့ **“ပညာရေးနှင့် ကျောင်းဆရာသည် ရုပ်နှင့်နာမ်”** ကဲ့သို့ပင်။ ရုပ်နှင့်နာမ် ကွဲသွားလျှင် သက်ရှိဟုခေါ်ဆို၍မရတော့ပါ။ ထို့အတူ ပညာရေး၏ ဆက်လက်ရှင်သန်မှုနှင့် ယနေ့မျိုးဆက်သစ်များ၏လူ့အဖွဲ့အစည်းကိုခေါင်းဆောင်နိုင်မှုတို့သည် လေ့ကျင့်ပေးနိုင်သည့် ဆရာ့ပညာစွမ်းရည် ထက်မြက်မှုအပေါ် မူတည်နေပါသည်။ ဆိုလိုသည်မှာ အနာဂတ်လူ့အဖွဲ့အစည်းနှင့် နိုင်ငံ့ကံကြမ္မာသည် ယနေ့ပညာရေးကို အကောင်အထည်ဖော်နေကြသည့် ကျောင်းဆရာများ၏ လက်ဝယ်တွင် ရှိနေပါသည်။

ယနေ့ကျောင်းဆရာများ၏ တာဝန်သည် အလွန်ကြီးမားပါသည်။ ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရသူများကို **“စာသက်သက်သင်ပေးသူများ”** သို့မဟုတ် **“ဝမ်းစာအတွက် အလုပ်လုပ်နေသူများ”**ဟုလောက်သာ ကျွန်တော်တို့ပြည်သူများက မမြင်သင့်ပါ။ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည့် ကျောင်းဆရာဆိုသည်မှာ ဖတ်စာအုပ်ထဲ စာသက်သက်သင်သည့် **“စာသင်ဆရာများ”** မဟုတ်ကြပါ။ မျိုးဆက်သစ်ကလေးများကို လူကောင်း၊ လူတော်ဖြစ်လာအောင် အနာဂတ်လူ့ဘောင်အတွက် အသင့်ပြင်ပေးလေ့ကျင့်ပေးသော **“ဘဝပဲ့ကိုင်ရှင်များ”** သို့မဟုတ် **“လူပြင်ဆရာများ”** အစစ်ပါ။ သင်ရိုးစာအုပ်ထဲမှ ကျောင်းစာသက်သက်လောက်သာ တတ်အောင်သင်ပေးတတ်သည့် **“ဆရာအတတ်ပညာစွမ်းရည် အလွန်နည်းပါးသည့်သူများ”** လည်း လုံးဝမဟုတ်ကြပါ။

အမှန်တကယ်တွင် ကျောင်းဆရာဆိုသည်မှာ နိုင်ငံ့ကံကြမ္မာ သို့မဟုတ် အနာဂတ်လူ့အဖွဲ့အစည်းကို ကောင်းမွန်အောင်ဖန်တီးကြမည့် **“လူသားရတနာများ”** ကို စွမ်းရည်တောက်ပြောင်လာအောင် ထုဆစ်ပြုပြင်ပေးနေကြသူများ ဖြစ်ပါသည်။ အနာဂတ်ဖန်တီးရှင် လူငယ်၊ လူမမည်များကို ပညာစွမ်းအားတပ်ဆင်ပေးသော **“ဆရာအတတ်ပညာစွမ်းရည်နှင့် စေတနာကြွယ်ဝမှု”**ကို ပိုင်ဆိုင်ထားသူများမှာ ဆရာများပင်ဖြစ်ပါသည်။

ပြုပြင်ပေးသည်က လူသား၏ ကောင်းမွန်သောဗီဇများဖြစ်သည့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တဗလနှင့် ဘောဂဗလတို့ အစွမ်းကုန် ကြံခိုင်ဖွံ့ဖြိုးသူများဖြစ်လာအောင် ပြုပြင်ပေးခြင်းပါ။ သို့မှသာ ကလေးများ၏ လူ့ဘောင်အသိုင်းအဝိုင်းကို ဖျက်ဆီးမည့် ဗီဇဆိုး၊ ဗီဇညံ့များ ပျောက်ကွယ်သွားပြီး လူ့အဖွဲ့အစည်းကောင်းကျိုးကို သယ်ပိုးနိုင်မည့် လူကောင်းလူတော်များဖြစ်လာကြမှာပါ။ ကလေးများသည် ပြည်ဖျက်ရန်၊ လူ့အဖွဲ့အစည်းပျက်သုဉ်းရန်ဟူ၍ မွေးဖွားလာသူများ မဟုတ်ကြပါ။ ဆရာကောင်း၊ ဆရာမြတ်နှင့် မတွေ့ခဲ့၊ သွန်သင်မှု၊ လေ့ကျင့်မှုမခံယူနိုင်ခဲ့၍သာ လူ့အဖွဲ့အစည်းကို ဖျက်ဆီးသူများဖြစ်သွားကြခြင်းပါ။ ဆရာကောင်းနှင့်တွေ့လျှင် တိုင်းပြု၊ ပြည်ပြုမည့် လူကောင်းလူတော်များဖြစ်ကြမှာပါ။ သူတို့ လူကောင်းလူတော်ဖြစ်ပါမှ နိုင်ငံ့ရှေ့ရေးသည်လည်း ထွန်းတောက်မည်ဖြစ်၍ အနာဂတ်လူ့အဖွဲ့အစည်း သို့မဟုတ် နိုင်ငံ့အနာဂတ်ကံကြမ္မာသည် ဆရာကောင်းများ၏ လက်ထဲတွင်သာရှိပါသည်ဟု ပညာရှင်အဆက်ဆက်က ဖွင့်ဆိုခဲ့ကြခြင်းဖြစ်ပါသည်။

ပညာစွမ်းအားဆိုသည်မှာ သင်ရိုးညွှန်းတမ်းစာအုပ်ထဲမှ ကျောင်းသင်ခန်းစာကို အခြေခံပြီး ပတ်ဝန်းကျင်ကို ကြည့်တတ်မြင်တတ်ကာ နောက်ဆုံး၌ လူ့အဖွဲ့အစည်းအကျိုးအတွက် ပြုပြင်အသုံးချနိုင်စွမ်းရှိအောင်နှင့် ကျောင်းစာသင်ခန်းနံရံကိုကျော်ပြီး ကမ္ဘာကြီး၏ ငြိမ်းချမ်းမှု၊ သာယာဖွံ့ဖြိုးမှု၊ တိုးတက်မှုများကိုမြင်အောင်၊ သိအောင်၊ နားလည်မှုရှိအောင်နှင့် လက်တွေ့ပါဝင်လုပ်ဆောင်နိုင်ခြင်းဖြစ်ပါသည်။ ထို့နောက် ယင်းအသိပညာစွမ်းအားကို မိမိနှင့် မိမိ၏လူ့အဖွဲ့အစည်းတိုးတက်ရေးတွင် အသုံးချနိုင်စွမ်းရှိရမည်။ သင်ခန်းစာဘောင်၊ စာသင်ခန်းနှင့် ကျောင်းပရဝဏ်ကိုကျော်ပြီး ကြည့်နိုင်စွမ်းအားများသည် အလေ့အကျင့်ကဲ့သို့ ထုံလာပါမှ အနာဂတ်ကို ခေါင်းဆောင်နိုင်ကြမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ကျောင်းဆရာဆိုသည်မှာ ခေါင်းဆောင်လောင်းများကို သမိုင်းအဆက်ဆက် အဆိုပါ ပညာစွမ်းအားပြည့်ဝအောင် လေ့ကျင့်ပေးခဲ့ကြသည့် **“ခေါင်းဆောင်များ၏ ဦးဆောင်လမ်းပြကြယ်တံခွန်များ”** ဖြစ်ပါသည်။ ဝမ်းစာရေးလောက်သာရည်မျှော်ပြီး လခစားသက်သက်လုပ်ကြသည့် လူများမဟုတ်ကြကြောင်း လူ့သမိုင်းအဆက်ဆက်နှင့် မြန်မာ့သမိုင်းက သက်သေထူနေခဲ့ပါသည်။

**စာမျက်နှာ ၁၁ သို့**

**“ပညာရေးသည် လူ့အဖွဲ့အစည်းရှင်သန်မှု၏ ဝိညာဉ်ပင်ဖြစ်ပါသည်။ နိုင်ငံတည်တံ့နေသမျှ နိုင်ငံဖွံ့ဖြိုးမှုမဏ္ဍိုင်ပညာရေးကို ရှေ့တန်းက အကောင်အထည်ဖော်နေသည့် ဆရာကောင်း၊ ဆရာမြတ်များလည်း ရှိနေရပေမည်။ ပညာရေးသည် ခေတ်တစ်ခေတ်အတွက်သာမဟုတ်။ ခေတ်တိုင်း၊ မျိုးဆက်တိုင်းအတွက် ဖြစ်နေရပေမည်။ ပြီးလျှင် ခေတ်ကို ကြိုမြင်နိုင်စွမ်းရှိရမည်။ နိုင်ငံ၊ လူ့အဖွဲ့အစည်း၏ မျိုးဆက်တိုင်း တော်သလောက်ကောင်းအောင် လေ့ကျင့်ပေးနိုင်သည့် လူတန်းစားမှာ ဆရာမှလွဲ၍ အခြားသူများမရှိပေ။ လူသားမျိုးဆက်ကို ထက်မြက်အောင်လေ့ကျင့်ပေးပြီး အဖွဲ့အစည်းကို မြင့်မားအောင်၊ ငြိမ်းချမ်းအောင်လုပ်နေသူမှာ ဆရာများဖြစ်၍ ၎င်းတို့သည် ခေတ်အဆက်ဆက်တွင် ပညာရေး၏ရှေ့တန်းတိုက်စစ်မှူး၊ အနာဂတ်လူ့အဖွဲ့အစည်း၏ ဖန်တီးရှင်များပင်ဖြစ်”**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား တက်ရောက်




**မုံရွာ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်း အတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုဦးရေ တိုးတက်မှုနှုန်း တိုးပွားလျက်ရှိပြီး အနာဂတ်တွင် တိုးပွားလာမည့် သက်ကြီးရွယ်အိုများအတွက် လူမှုရေးနှင့် ကျန်းမာရေးကဏ္ဍများကို တိုးမြှင့်စောင့်ရှောက်နိုင်ရေးသည် အထူးလိုအပ်ပါကြောင်း၊ သက်ကြီးရွယ်အိုများအား စောင့်ရှောက်မှုပေးရာတွင် ရိပ်သာအခြေပြု သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသက်အရွယ်အားဖြင့် ကြီးရင့်သော်လည်း ကျန်းမာသန်စွမ်းလျက်ရှိပြီး လူမှုဖွံ့ဖြိုးရေးကို စိတ်ပါဝင်စားသူများဖြင့် ဖွဲ့စည်းထားသည့် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့(သို့မဟုတ်) လူမှုအားမာန်အဖွဲ့များအား တိုးမြှင့်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဘဏ္ဍာရန်ပုံငွေပေါ်မူတည်၍ အသက်ကိုလျှော့ချပြီး ထောက်ပံ့ပေးသွားနိုင်ရန် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(၂၀၁၄)တွင် ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး အတွင်း ဌာနအခြေပြုစောင့်ရှောက်နည်းဖြစ်သည့် ဘိုးဘွားရိပ်သာများ ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြကာ ရပ်ရွာအခြေပြု စောင့်ရှောက်နည်းများ တိုးပွားများပြားလာအောင် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် လူမှုအားမာန်အဖွဲ့များအား ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းပြီး လုပ်ငန်းရပ်များ သွက်လက်မြန်ဆန်လာအောင် ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီပေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘိုးဘွားရိပ်သာ ကိုးခုအတွက် ငွေကျပ် ၃၁၉၂၉၀၀၀၊ အသက်အကြီးဆုံး အဘိုးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက အသက်အကြီးဆုံးအဘွားထံ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးဝင်းမြတ်စိုးက မုံရွာဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအတွက် တစ်နေ့တာအာဟာရ အလှူငွေကျပ် ၃၁၅၀၀၀ ကို လည်းကောင်း၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးက ရွှေရောင်ဆည်းဆာ ဘိုးဘွားရိပ်သာ အတွက် တစ်နေ့တာအာဟာရ အလှူငွေကျပ် ၁၇၅၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးနှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက အခမ်းအနားသို့ တက်ရောက်လာကြသော အဘိုး၊ အဘွား ၉၉ ဦးထံ ထောက်ပံ့ငွေနှင့် တိုင်းရင်းဆေးများကို ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် "မင်္ဂလာဆုတောင်း" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်ပြီး အဘိုး၊ အဘွားများ ကိုယ်စား မုံရွာဘိုးဘွားရိပ်သာမှ အဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာကြသော အဘိုး၊ အဘွားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဓနုဖြူမြို့ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ဓနုဖြူ အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊ တံတား လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ဧရာဝတီ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွေးကိုကိုနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၉ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှုရာတွင် တာဝန်ရှိသူများက ဓနုဖြူမြို့နယ် အတွင်း ဆောင်ရွက်လျက်ရှိသည့် တော်ဝ-ကျားချောင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ ကျုံတနီး-အင်းရပ်-အင်္ဂလာလမ်း ကျောက်ခင်းခြင်း၊ ဖားအိုင်-နတ်ကြီးချောင်းလမ်း ကျောက်ခင်းခြင်း၊ ရေတွင်းကုန်း-ကင်ပွန်းချောင်းလမ်းပေါ်ရှိ Box Culvert တွင် Retaining Wall တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဓနုဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ)(တာဝန်) ဒေါ်ချမ်းမြေ့သူနှင့် တင်ဒါအောင်ကုမ္ပဏီများ၏ လမ်းတာဝန်ခံ အင်ဂျင်နီယာများက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

**❂ စာမျက်နှာ ၁၀ မှ**

ခေါင်းဆောင်များကို လေ့ကျင့်ပေးနိုင်သူ၊ ဦးဆောင်လမ်းပြသူသည် အမြင်ကျယ်ရပါသည်။ အမြော်အမြင်ကြီးမားရပါသည်။ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် လူ့ဘောင်အဖွဲ့အစည်းကို ကြိုတင်မြင်နိုင်စွမ်းရှိသော ပညာဉာဏ်နှင့်လည်း ပြည့်စုံရပါမည်။ ပြီးလျှင် အနာဂတ် လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျရှိစေမည့် **"လူ့ကျင့်ဝတ်"**နှင့် **"ပညာစွမ်းအား"**ကို မျိုးဆက်သစ်များအား တပ်ဆင်ပေးနိုင်စွမ်းအားနှင့်လည်း ပြည့်စုံမှုရှိရပါမည်။

ပညာရေးကို ရှေ့တန်းမှ အကောင်အထည်ဖော်နေကြသည့် နိုင်ငံ့ဗိသုကာကျောင်းဆရာများသည် နိုင်ငံ့မျှော်မှန်းချက်၊ နိုင်ငံဖွံ့ဖြိုးရေး စသည့်နိုင်ငံ့အရေးအရာများကို နားလည်ပြီး ဘယ်လိုကောင်းအောင် တည်ဆောက်ကြမလဲဆိုသည့် အမြော်အမြင်ရှိကြသူများဖြစ်ရန်လိုပါသည်။ **"တိုင်းကျိုးပြည်ပြုနိုင်ငံရေးအမြင်"** ဆိုသည်မှာ ကျောင်းဆရာများတွင် မရှိဘဲနှင့်တော့ **"ဆရာသည်သာ လူ့ဘောင်ဖွံ့ဖြိုးရေးမှာ အခရာ"** ဆိုသည့် အနာဂတ်၏ ဖန်တီးရှင်များ မွေးထုတ်နေသူများ မဖြစ်နိုင်ပါ။ အနာဂတ်၏ မျိုးဆက်သစ်များ **"တော်"**ဖို့ ယနေ့ ကျောင်းဆရာများလည်း ထက်နေ၊ မြက်နေရပါမည်။ **"လျှော်"** နေကြလို့ ဘယ်လိုမှမဖြစ်အပ်ပါ။

**နိုင်ငံရေးအမြင်ကျယ်ခဲ့ကြသည့် သမိုင်းထဲမှ မြန်မာ့ကျောင်းဆရာများ**

မြန်မာ့သမိုင်းကိုကြည့်လျှင် ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်ပြီး **"အမျိုးသားပညာရေး"** ဆိုသည့် ကမ္ဘာ့ခေတ်သစ်ပညာရေးနှင့် မြန်မာ့ခေတ်ပြိုင် အမျိုးသားပညာရေး ပေါ်ပေါက်လာခဲ့ပါသည်။ ထိုမတိုင်မီက မိမိတို့ဆီတွင် **"ဘုန်းတော်ကြီးသင် ပညာရေး"** သာ ထွန်းကားနေသည်။ အမျိုးသားပညာရေး ဖော်ဆောင်ရာတွင် ခေတ်ပညာတတ်လူငယ် လူရွယ်များသည် အမျိုးသားကျောင်းဆရာ ဝင်လုပ်ကြပါသည်။ ပြီးလျှင် သူတို့ကိုယ်တိုင်လည်း လွတ်လပ်ရေးကြိုးပမ်းမှု၊ အမျိုးသားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသည့် လွတ်လပ်ရေးခေါင်းဆောင်များ ဖြစ်လာကြပါသည်။ အာဇာနည် ခေါင်းဆောင်ကြီးများထဲမှဆိုလျှင် သခင်မြ၊ ဦးဘဝင်း၊ ဦးရာဇတ်တို့သည် အမျိုးသားကျောင်းဆရာများ ဖြစ်ပါသည်။

သူတို့၏ထိပ်ဆုံးတွင် အမျိုးသားကောလိပ်ကျောင်းဆရာကြီး ဆရာလွန်း (ခေါ်) သခင်ကိုယ်တော်မှိုင်း ရှိပါသည်။ ဆရာလွန်းသည် **"သခင်"** အားလုံး၏ ဆရာသခင်ပါ။ တစ်ခေတ်မှာတစ်ယောက်ပေါ်ထွန်းခဲ့သူ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ဆောင်ရွက်ခဲ့သူ **"ဦးသန့်"** ဆိုလျှင်လည်း ပန်းတနော်မြို့ အမျိုးသားအထက်တန်းကျောင်းအုပ်ဆရာကြီးအဖြစ် ၁၂ နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သူပါ။ သူ့တပည့်များကို နိုင်ငံရေး၊ လွတ်လပ်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ် ဖွင့်ပေးမြှင့်တင်ပေးခဲ့သလို သူကိုယ်တိုင်လည်း နိုင်ငံရေးအမြင်ကျယ်အောင် ဆက်လက်ဖြည့်ဆည်းခဲ့သောကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ တည်ဆောက်နိုင်ခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် တတိယကမ္ဘာစစ်ဖြစ်မည့် အခြေအနေကို တားဆီးနိုင်ခဲ့သော မြန်မာ့သားကောင်း ကျောင်းဆရာကြီး ဖြစ်ပါသည်။

လွတ်လပ်ရေးခေါင်းဆောင် တစ်ဦးဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း ဦးနုသည်လည်း အမျိုးသားကျောင်းဆရာပါ။ ဗိုလ်ချုပ်ကျဆုံးပြီးနောက် **"နု-အက်တလီ"** စာချုပ်ချုပ်ဆိုပြီး လွတ်လပ်ရေးကို အပြီးတိုင်ရရှိအောင် ဆက်လက်ကြိုးပမ်းခဲ့သည့် ထိပ်တန်းလွတ်လပ်ရေး ခေါင်းဆောင်တစ်ဦးပါ။ ထို့အတူ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးလို နာမည်ကြီး ကမ္ဘာ့အဖွဲ့အစည်းတစ်ခုဖြစ်သည့် **"ဘက်မလိုက်နိုင်ငံများအဖွဲ့"** ကိုလည်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ် **"နေရူး"**၊ ယူဂိုဆလပ်ပြည်ထောင်စုသမ္မတ မာရှယ် **"တီးတိုး"**တို့နှင့်အတူ ဦးဆောင်ဖွဲ့စည်းခဲ့သည့် ကျောင်းဆရာဟောင်းတစ်ဦးဖြစ်ပါသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ် ဆိုလျှင် မန္တလေးအမျိုးသားကျောင်းအုပ်ကြီးဘဝမှ ပညာရေးဝန်ကြီးအထိ တာဝန်ယူခဲ့သူပါ။ ထို့အတူ သခင်မြနှင့် ဦးဘဝင်းတို့သည်လည်း အမျိုးသားကျောင်းဆရာကြီးများဖြစ်ပါသည်။ ထိုခေတ်က အမျိုးသားကျောင်းဆရာများသည် နိုင်ငံရေးအမြင်ကျယ်ခဲ့ပြီး ခေတ်ကိုကြိုမြင်ကာ လွတ်လပ်သည့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရန်အတွက် သူတို့တပည့်များကို **"အမျိုးသားရေးစိတ်ဓာတ်"**၊ သူ့ကျွန်ဘဝမှ ရုန်းထွက်မည့် **"လွတ်လပ်ရေးစိတ်ဓာတ်"** သန္ဓေမျိုးစေ့ကို တပည့်များဆီထည့်ပေး လေ့ကျင့်ပေးခဲ့ပါသည်။

ထိုသန္ဓေမျိုးစေ့များအနက် အအောင်မြင်ဆုံး ပေါက်ဖွားလာသောတပည့်မှာ ရေနံချောင်းမြို့ အမျိုးသားကျောင်းထွက် မောင်အောင်ဆန်းဖြစ်ပါသည်။ သူ့လို ထိပ်ဆုံးဘဝမရောက်ခဲ့သော်လည်း ဒုတိယတန်း၊ အလယ်အလတ်အဆင့်ရှိသူ ခေါင်းဆောင်များလည်း ဒုနှင့်ဒေးပါ။ အမျိုးသားကျောင်းဆရာများ၏ လွတ်လပ်သောပြည်ထောင်စုနိုင်ငံတော် ပေါ်ထွန်းရေးဆိုသည့် နိုင်ငံရေးအမြင်ကျယ်မှုဖြင့် လေ့ကျင့်သင်ကြားပေးရာမှ ပေါက်ဖွားလာသော **"လွတ်လပ်ရေးခေါင်းဆောင်"** မျိုးဆက်များဖြစ်ပါသည်။

ကျောင်းဆရာများကလည်း နိုင်ငံရေးအမြင်ကျယ်၊ သူတို့မွေးဖွားပေးလိုက်သော တပည့်ကလည်း အမျိုးကိုမြှင့်လိုသည့် တိုင်းကျိုးပြည်ပြုနိုင်ငံရေးစိတ်ဓာတ်ပြည့်ဝကြကာ ဆရာတပည့် လက်တွဲညီညီ ဆောင်ရွက်လိုက်သည့်အတွက် မြန်မာနိုင်ငံ၏ အနာဂတ်ကံကြမ္မာကို ပြောင်းလဲစေခဲ့ပါသည်။ မြန်မာ့မြေပေါ်မှ ကိုလိုနီဝါဒထွက်ပြေးခဲ့ပါသည်။ မြန်မာများ ကျွန်ဘဝမှ လွတ်လပ်သော သခင်ဘဝကို ပြန်ရခဲ့ပါသည်။ အမျိုးသားကျောင်းဆရာများ၏ နိုင်ငံရေးအမြင်ကျယ်မှု မြေဆီဩဇာဖြင့် စိုက်ပျိုးခဲ့သောလွတ်လပ်ရေးအပင်၏ အသီးအပွင့်ကို ခံစားနေရခြင်းသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှသည် ယနေ့အထိပင်ဖြစ်ပါသည်။

အမေရိကန်သမ္မတ **"အိုဘားမား"**သည် ချီကာဂိုတက္ကသိုလ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပါမောက္ခဖြစ်ပါသည်။ သူပြောတာ တစ်ခုရှိပါသည်။ **"ယနေ့လူငယ်တွေရဲ့ ဖွံ့ဖြိုးတဲ့အနာဂတ်ကို ပိုင်ဆိုင်တာမြင်ချင်ရင် သင်လည်းပါဝင်ပြီး ကျောင်းဆရာလုပ်ပါ"**ဟူ၍ ဖြစ်ပါသည်။

စာရေးသူတို့၏ ယနေ့မြန်မာနိုင်ငံအခြေအနေအရ **"အနာဂတ်မြန်မာတွေဖွံ့ဖြိုးဖို့ ကျောင်းဆရာဝင်လုပ်ကြစို့"**ဟုသာ မြန်မာလူငယ်များကို တိုက်တွန်းချင်ပါသည်။ သူကိုယ်တိုင်လည်း သမ္မတသက်တမ်းပြီးလျှင် ကျောင်းဆရာပြန်လုပ်မည်တဲ့။ လူငယ်များ၏ အနာဂတ်ဖွံ့ဖြိုးရန်ဆိုထားသည် ဖြစ်၍ ကျောင်းဆရာသည် အနာဂတ်လူ့ဘောင်ကို ကြိုမြင်နိုင်စွမ်းရှိသော အမြော်အမြင်ကြီးမားသည့် အရည်အသွေးကို ပိုင်ဆိုင်သူဖြစ်ရပါမည်။ သို့မှသာ မိမိတို့လည်း ဖွံ့ဖြိုးမှု၊ လွတ်လပ်မှု၊ တန်းတူအခွင့်အရေးရှိမှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုများ ပြည့်လျှမ်းသည့် ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားရာ မြန်မာ့လူ့အဖွဲ့အစည်းဆီ အားသွန်ခွန်စိုက်ချီတက်နိုင်မည် ဖြစ်ပါသည်။

ယခုအချိန်တွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို လေ့ကျင့်ပေးနေသည့် ကျောင်းဆရာများသည် အောင်ချက်နှင့် စာမေးပွဲရမှတ်ပြိုင်သည့်အဆင့်သာ လေ့ကျင့်ပေးနေသော၊ စာလောက်သာ သင်ကြားပေးနေသောအဆင့်မှာတင် ကျေနပ်နေမည်ဆိုလျှင် **"နိုင်ငံနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုတံခါးကို ကျောခိုင်းလိုက်တာ"**ဟုမြင်မိပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# အုန်းသီး တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

ဧရာဝတီ တိုင်းဒေသကြီးတွင် အလားအလာရှိသော ထုတ်ကုန်(အုန်းသီး)တန်ဖိုး ကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း၏ လုပ်ငန်းအစီအစဉ်အရ အုန်းသီး တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများ အနေဖြင့် သင်တန်းမှ ပို့ချမှုများကို ပြန်လည်အသုံးချ၍ အုန်းသီးအခြေခံ စားသောက်ကုန် ပစ္စည်းများ ထုတ်လုပ်ပြီး ပြည်တွင်း၌သာမက ပြည်ပသို့ တင်ပို့နိုင်သည်အထိ အကျိုးကျေးဇူး ရရှိနိုင်သောကြောင့် တတ်မြောက်အောင် သင်ကြားရန် လိုအပ်ကြောင်း၊ စီမံကိန်းမှ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ အောင်မြင်အောင် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ သင်တန်းပထမနေ့အဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးက အုန်းသီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းကို စာတွေ့နှင့် ထုတ်ကုန်များ စမ်းသပ် ထုတ်လုပ်ခြင်းကို လက်တွေ့သရုပ်ပြ သင်ကြားပို့ချသည်။

ယခုဖွင့်လှစ်သည့် သင်တန်းတွင် အုန်းသီးအခြေခံ စားသောက်ကုန်ပစ္စည်းများဖြစ်သည့် အုန်းသီးရေခဲမုန့်၊ အုန်းစိမ်းဂျယ်လီ၊ အုန်းဆီ၊ အုန်းနို့မှုန့်၊ အုန်းသီးချိုချဉ် စသည်တို့ ပြုလုပ်ခြင်းနှင့် ရေချိုးဆပ်ပြာ၊ အုန်းမီးသွေးကဲ့သို့သော တန်ဖိုးမြှင့် အုန်းထုတ်ကုန်များ ပြုလုပ်ခြင်းတို့ကို ပြည်တွင်း ကျွမ်းကျင်ပညာရှင်များက စာတွေ့ လက်တွေ့ သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ အောက်တိုဘာ ၂ ရက်မှ ၄ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၃၄ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မအူပင်မြို့တွင် စမ်းသပ်သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူနေမှု ကြည့်ရှုအားပေး

**မအူပင် အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ စမ်းသပ်သန်းခေါင်စာရင်း စတင်ကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းက အိုင်ဝိုင်းကျေးရွာအုပ်စု တာကောက်ကျေးရွာနှင့် မအူပင်တက္ကသိုလ်အတွင်းရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကွင်းဆင်းကောက်ယူလျက်ရှိရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးမောင်မောင်သန်းနှင့် ခရိုင်/မြို့နယ်သန်းခေါင်စာရင်း ကော်မတီဝင်များက ကြည့်ရှုအားပေးကြသည်။

ထိုသို့ စမ်းသပ်သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူနေမှုများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မအူပင်ခရိုင် ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုကျော်၊ ဦးစီးအရာရှိဦးခင်မောင်အေး ဦးဆောင်၍ ကျေးလက်ကောက်ကွက် ခြောက်ကွက်အား စာရင်းကောက်အဖွဲ့ နှစ်ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# တောင်ငူမြို့၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**တောင်ငူ အောက်တိုဘာ ၂**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက တောင်ငူ မြို့မရဲစခန်းဝင်း တောင်ငူခရိုင်ရဲရိပ်သာ၌ ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး တောင်ငူခရိုင် ရဲတပ်ဖွဲ့ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းအောင်၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးကိုကိုဇော်၊ တောင်ငူခရိုင်ရဲတပ်ဖွဲ့ ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေး၊ တောင်ငူခရိုင်အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်စိုးနှင့် ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဝင်းတို့က ဂုဏ်ပြုဆုရရှိသည့် ရဲတပ်ဖွဲ့ဝင်များအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သံဖြူဇရပ်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်လှစ်

**သံဖြူဇရပ် အောက်တိုဘာ ၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မီးသတ်ဦးစီးဌာနက စီစဉ်ဆောင်ရွက်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း(၁/၂၀၂၃)ကို ယနေ့ နံနက် ၉ နာရီတွင် မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဝင်းက သင်တန်းသားများအား မီးသတ်တူညီဝတ်စုံများ ပေးအပ်ကာ သင်တန်းသို့ မြို့နယ်အတွင်းရှိ အရန်မီးသတ် တပ်ဖွဲ့ဝင် ၅၀ တို့တက်ရောက်ကြပြီး သင်တန်းကာလကို အောက်တိုဘာ ၂ ရက်မှ ၂၇ ရက်အထိ ၂၆ ရက်တာ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# ပေါက်တောမြို့နယ်၌ မြစိမ်းရောင်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးပေး

**ပေါက်တော အောက်တိုဘာ ၂**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ယနေ့ နံနက် ၁၁ နာရီတွင် တောင်ပုတ်ကေ ကျေးရွာရှိ အသင်းသားအသင်းသူများအား နဝမအကြိမ် ပြန်လည်ထုတ်ချေးပေးသည်။

ဦးစွာ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းစဉ်များကို မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းက ရှင်းလင်းပြောကြားပြီး တောင်ပုတ်ကေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ် ရန်ပုံငွေ ထုတ်ချေးရာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးအား ငွေကျပ် ၆၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ အား ငွေကျပ် သိန်း ၉၀၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးအား ငွေကျပ် ၁၃၂ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးအား ငွေကျပ် ၁၂၉ သိန်းကို ကျေးရွာမြစိမ်းရောင်ကော်မတီသို့ နေ့ချင်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကော့သောင်းခရိုင်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

**ကော့သောင်း အောက်တိုဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၉ နာရီတွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။


ဦးစွာ စစ်ဗျူဟာအခြေချကော့သောင်းမှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်သက်ဦးက အမှာစကားပြောကြားခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများအား စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်သက်ဦးက အစားအသောက်၊ ကော်ဖီမှုန့်များနှင့် ကြက်ဥအလုံး ၅၀၀ တို့ကို ထောက်ပံ့ပေးအပ်ပြီး မီးသတ်ဦးစီးဌာနက ပေးအပ်လာသော ဝတ်စုံများနှင့် ဆေးဝါးတို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၁၀၀ ဖြင့် အောက်တိုဘာ၂ ရက်မှ ၂၇ ရက်အထိ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တရုတ်နှင့် ဂျာမနီတို့ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူ



**ဖရန့်ဖတ် အောက်တိုဘာ ၂**

တရုတ်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့သည် အောက်တိုဘာ ၁ ရက်က ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ ကျင်းပခဲ့သည့် ဘဏ္ဍာရေးဆိုင်ရာဆွေးနွေးပွဲတွင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ သဘောတူညီခဲ့ကြကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးပွဲကို တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဟီလီဖန်နှင့် ဂျာမနီနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ခရစ္စတီယန်လင်ဒါတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် နှစ်နိုင်ငံ၏ မိတ်ဖက်ဆက်ဆံရေးတွင် အပြုသဘောဆောင်ပြီး အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန် အသင့်ရှိကြောင်း တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဟီလီဖန်၏ ပြောကြားချက်ကို ကိုးကား၍ တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းအေဂျင်စီက ပြောကြားသည်။

ထို့ပြင် ဂျာမနီနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ လင်ဒါကလည်း အဆင့်မြင့်ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးမှုမူဘောင်တွင် တရုတ်နိုင်ငံနှင့် ဆွေးနွေးပွဲများ တိုးမြှင့်ဆောင်ရွက်ရန် ဂျာမနီနိုင်ငံအနေဖြင့် ဆန္ဒရှိကြောင်း ပြသခဲ့သည်။ **ကိုးကား -အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အလင်းသစ်**

## ဒေသတွင်းပြီးပြည့်စုံသည့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုက ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့် ပို့ကုန်မြှင့်တင်ရန် ကူညီ

**ဟန္တိုင်း အောက်တိုဘာ ၂**



၂၀၂၂ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့သော ဒေသတွင်းပြီးပြည့်စုံသည့် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့် ပို့ကုန်မြှင့်တင်ရန် ကူညီပေးခဲ့ကြောင်း ကမ္ဘာ့ဘဏ်မှ အကြီးတန်း စီးပွားရေးပညာရှင်တစ်ဦးက အောက်တိုဘာ ၂ ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးပညာရှင် အဒီယာမာတိုးက ၎င်းသဘောတူညီချက်နှင့် ကမ္ဘောဒီးယား၏ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်သည် ပိုမိုကြီးမားသော ဈေးကွက်ဝင်ရောက်ခွင့်ကို ဖန်တီးပေးခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အသစ်များဖန်တီးရန် ကူညီပေးခဲ့ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

၎င်းသဘောတူညီချက်နှင့် အခြားသော လွတ်လပ်သည့် ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များသည် ကမ္ဘောဒီးယား၏ ပို့ကုန်များကို အားကောင်းစေပြီး နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်စေရန် အထောက်အကူ ဖြစ်စေသည်ဟု ကမ္ဘာ့ဘဏ်၏နောက်ဆုံး ထုတ်ပြန်ချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

၎င်းသဘောတူညီချက်တွင် အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း)မှ အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ကုန်သွယ်ဖက် နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန် စသည့်နိုင်ငံပေါင်း ၁၅ နိုင်ငံတို့ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ခဲ့**

ဒေသတွင်း ပြီးပြည့်စုံသည့် ဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် အဖွဲ့ဝင်နိုင်ငံများသို့ ကမ္ဘောဒီးယား၏ စုစုပေါင်းပို့ကုန်ပမာဏသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၉ ဘီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၀ ရာခိုင်နှုန်း တိုးလာကြောင်း ကမ္ဘောဒီးယားစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

၎င်းသဘောတူညီချက်သည် နိုင်ငံ၏ ပို့ကုန်တိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ပြီး နိုင်ငံသို့ ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ဆွဲဆောင်ခဲ့ကြောင်း ကမ္ဘောဒီးယား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် ပန်ဆိုဗီချက်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

## တိုကျိုမြို့၌ မောင်းသူမဲ့ဘတ်စ်ကားများ စတင်စမ်းသပ်ပြေးဆွဲ

**တိုကျို အောက်တိုဘာ ၂**

တိုကျိုမြို့တွင် ခရီးသည်များကိုတင်ဆောင်ကာ တစ်နာရီလျှင် ကီလိုမီတာ ၅၀ နှုန်းဖြင့် အမြန်မောင်းနှင်နိုင်သော မောင်းသူမဲ့ဘတ်စ်ကားကို စတင်စမ်းသပ်ပြေးဆွဲနေပြီဖြစ်သည်။

အောက်တိုဘာ ၂ ရက်တွင် စတင်ခဲ့သော မောင်းသူမဲ့ကား စမ်းသပ်ပြေးဆွဲမှုများသည် ဘတ်စ်ကားယာဉ်မောင်းများ ရှားပါးမှုကို ဖြေရှင်းရန် တိုကျို၏ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ဘတ်စ်ကားသည် မြို့တော်အစိုးရ၏ အဆောက်အအုံနှစ်ခုနှင့် ရှင်ဂျင်ကုဘူတာရုံကို ဆက်သွယ်ပေးသည့် ပုံမှန်လမ်းကြောင်းပေါ်တွင် ပြေးဆွဲခဲ့သည်။ ခရီးသည်များ ဘေးကင်းစေရန်ထိုင်ခုံ ၁၈ လုံးသာရှိပြီး စီးနင်းသူများသည် အွန်လိုင်းမှ လက်မှတ်မှာယူရကြောင်း သိရသည်။

၎င်းဘတ်စ်ကားများကို စမ်းသပ်စစ်ဆေးခြင်းအား အောက်တိုဘာ ၁၃ ရက်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ မောင်းသူမဲ့ဘတ်စ်ကားကို ယာဉ်ကြောပိတ်ဆို့မှုများသောနေရာများတွင် အဆင်ပြေစွာ သုံးစွဲနိုင်ရေးအတွက် အထူးလမ်းများထားရှိမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - စိုးသူရ**



## အာမေနီးယားနိုင်ငံ၏ ငလျင်ဒဏ်ခံနိုင်ရည်အားမြှင့်တင်ရေး ကန်ဒေါ်လာ ၇၂ သန်းထုတ်ချေးရန် အာရှဖွံ့ဖြိုးရေးဘဏ် အတည်ပြု

**မနီလာ အောက်တိုဘာ ၂**

အာရှဖွံ့ဖြိုးရေးဘဏ်သည် ငလျင်ဒဏ်ခံနိုင်သော စာသင်ကျောင်းများ တည်ဆောက်ခြင်းနှင့်ငလျင်ဘေးအန္တရာယ် စီမံခန့်ခွဲမှု အားကောင်းလာစေရန်အတွက် အာမေနီးယားနိုင်ငံအား ယူရို ၆၆ ဒသမ ၁ သန်း(အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၃ သန်း)ချေးငွေထုတ်ချေးရန် အတည်ပြုခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က အောက်တိုဘာ ၂ ရက်တွင်ပြောကြားသည်။

အာမေနီးယားနိုင်ငံသည် ငလျင်လှုပ်ခတ်နိုင်ခြေအများဆုံးသော နယ်မြေတွင်ပါဝင်ပြီး ကြီးမားသော လူတို့၏ ဒုက္ခနှင့် စီးပွားရေးဆုံးရှုံးမှုများကို ဖြစ်စေနိုင်သည့် ငလျင်များကျရောက်မှုဖြစ်ပွားတတ်ကြောင်း အာမေနီးယားနိုင်ငံရှိ အာရှဖွံ့ဖြိုးရေးဘဏ်၏ အကြီးတန်းစီမံကိန်းအရာရှိ ဂိုဟာမူဆယ်လျန်က ပြောကြားသည်။




၂၀၁၅ခုနှစ် စက်တင်ဘာလအတွင်းက အာမေနီးယားနိုင်ငံအတွင်းရှိ စာသင်ကျောင်းပေါင်း ၄၆ ကျောင်းကို ပြန်လည်တည်ဆောက်ရန်နှင့် ပြန်လည်ပြုပြင်ရန်အတွက် မြို့တော်မနီလာအခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်က အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၅ သန်း ချေးငွေထုတ်ချေးရန် အတည်ပြုခဲ့ကြောင်း သိရသည်။

အာမေနီးယားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပြင်အား ၅ မဂ္ဂနီကျူအဆင့်နှင့်အထက် ငလျင်လှုပ်ခတ်မှု အကြိမ်ရေ ၁၄ ကြိမ်ရှိခဲ့ပြီး ပြင်အား ၅ မဂ္ဂနီကျူအောက်အဆင့်ရှိ ငလျင်လှုပ်ခတ်မှုအကြိမ်ရေ ၂၇၀၀ ကျော်ရှိခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

## ယခုနှစ် ပထမကိုးလအတွင်း ဗီယက်နမ်နိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှု ၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်

**ဟန္တိုင်း အောက်တိုဘာ ၂**

ယခုနှစ် ပထမကိုးလအတွင်း ဗီယက်နမ်နိုင်ငံသည် ပြည်ပရှိလုပ်ငန်းကဏ္ဍ ၁၄ ခုသို့ အမေရိကန်ဒေါ်လာ ၄၁၆ ဒသမ ၈ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး ၄ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက အောက်တိုဘာ ၂ ရက်တွင် ပြောကြားသည်။

**မှတ်တမ်းတင်ခဲ့**

လက်လီလက်ကား ကဏ္ဍတွင် ဗီယက်နမ်နိုင်ငံမှ အကြီးမားဆုံး ပြည်ပရင်းနှီးမြှုပ်နှံမှု တန်ဖိုးဒေါ်လာ ၁၅၀ ဒသမ ၆၄သန်းနီးပါးဖြင့် မှတ်တမ်းတင်ခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အေဂျင်စီကို ကိုးကား၍ ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် စီမံကိန်းအသစ် ၈၄ ခုအတွက် ဒေါ်လာ ၂၄၄ ဒသမ ၈ သန်းကျော် လျာထားပြီး လက်ရှိစီမံကိန်း ၁၈ ခုတွင် ဒေါ်လာ ၁၇၁ ဒသမ ၉၆ သန်းကျော် ထည့်ဝင်ခဲ့သည်။ ဤကာလအတွင်း နိုင်ငံနှင့် နယ်မြေ ၂၄ ခုတွင် ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ စံချိန်တင်ရှိခဲ့သည်။

**စီမံကိန်းပေါင်း ၁၆၆၇ ခုရှိ**

၎င်းရင်းနှီးမြှုပ်နှံမှုများတွင် ကနေဒါ၌ ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ဒေါ်လာ ၁၅၀ ဒသမ ၂ သန်းကျော်ဖြင့် ဦးဆောင်နေပြီး ၎င်း၏နောက်တွင် စင်ကာပူ၊ လာအိုနှင့် ကျူးဘားတို့တွင် ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများရှိသည်။

ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာ ၂၀ ရက်အထိ တရားဝင်ပြည်ပရင်းနှီးမြှုပ်နှံမှု စီမံကိန်းပေါင်း ၁၆၆၇ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၁ ဘီလီယံနီးပါးရှိသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

## ပုသိမ်မြို့နယ်၌ အရုဏ်ဆွမ်းလောင်းလှူ

ပုသိမ် အောက်တိုဘာ ၂

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ ဒုတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဆန်းဝင်း၊ တိုင်း/ခရိုင်/မြို့နယ်နှင့် လက်ရုံးတပ်ဖွဲ့ဝင် စာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၁၃၀ သည် ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး ဒေါ်လှရင်တန်ဆောင်း (မြို့မဆွမ်းလောင်းအသင်း)တွင် သံဃာတော်အပါး ၁၈၆၀ အား အရုဏ်ဆွမ်းလောင်းလှူခြင်းနှင့် ပင့်သံဃာ ၁၀ ပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ပုသိမ်လှကြည်**





## နယ်မြေရဲစခန်း အန္တရာယ်ကင်းပရိတ်တော် ရွတ်ဖတ်ပူဇော်

မုံးကိုး အောက်တိုဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မုံးကိုးမြို့ရဲစခန်းတွင် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မုံးကိုးမြို့ နယ်မြေရဲစခန်းမှူး ဦးသောင်းထွန်းနှင့် မိသားစုဝင်များက အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ရဲစခန်းအန္တရာယ်ကင်းပရိတ်တရားနာယူခြင်း၊ သံဃာတော်များအား နေ့ဆွမ်းနှင့် နဝကမ္မကပ်လှူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ အသိပညာပေးဟောပြော

ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)ရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



### ဟောပြော

ဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ကျော်ခိုင်က အယ်လ်နီညိုကျရောက်မှုကြောင့် မွေးမြူရေးလုပ်ငန်းတွင် သက်ရောက်မှုအဖြစ် တိရစ္ဆာန်အစာရေစာ ရှားပါးလာခြင်း၊ ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ တိရစ္ဆာန်များတွင် ထုတ်လုပ်မှုကျဆင်းလာခြင်း၊ ဇီဝကမ္မဗေဒဆိုင်ရာ ဆိုးကျိုးထိခိုက်မှုများ ဖြစ်လာနိုင်ခြင်း၊ မျိုးပွားထုတ်လုပ်မှု ကျဆင်းလာနိုင်ခြင်း၊ အစာမှအသားပြောင်းနှုန်း ညံ့ဖျင်းလာခြင်း၊ ကူးစက်ရောဂါများ အဆိပ်အတောက်ဖြစ်မှုများ မကြာခဏဖြစ်ပွားခြင်း၊ အသက်ဆုံးရှုံးမှုကြုံရနိုင်ခြင်း၊ အယ်လ်နီညိုကျရောက်လာပါက ကြိုတင်ပြင်ဆင်ခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ စနစ်တကျ ကြိုတင်ထိုးနှံထားခြင်း၊ အခြေခံကယ်ဆယ်ရေး လေ့ကျင့်မှုများ ကြိုတင်ပြုလုပ်ထားခြင်း၊ အယ်လ်နီညိုရာသီဥတုအကြောင်း သိကောင်းစရာများနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများကို ဟောပြောပြီး တက်ရောက်လာကြသည့် ပြည်သူများက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **မြင့်ဦး**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နိုင်ငံ့အနာဂတ်အတွက် ပညာရေးပန်းများ ပွင့်လန်းစေချင်"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမှားကိုအမှန်လုပ် အကျိုးယုတ်မျိုးပြုတ်သင့်သည့် မီဒီယာ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။ **သတင်းစဉ်**

## ဝေါမြို့နယ်နှင့် ကျောက်ဆည်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



မောင်ဇော်ဝင်းအား သိမ်းဆည်းရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၂

ဝေါမြို့နယ်နှင့် ကျောက်ဆည်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃၀ ရက် နံနက် ၅ နာရီ ၁၀ မိနစ်တွင် ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် ခရီးသည်တင်ယာဉ်တစ်စီးကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မောင်ဇော်ဝင်းထံမှ အိုက်စ် ၅ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့ အောက်ချိုင်းရပ်ကွက် စည်ပင်လမ်း ရထားသံလမ်းအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ အေးမင်းသူအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၁၀-၂၀၂၃ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ' (၂၀၂၃ခုနှစ်၊ စက်တင်ဘာလ)(ဒုတိယပိုင်း)
- ၀၉:၁၅ Asian Games Daily Highlights(5)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ အဏ္ဏဝါအမှိုက်သရိုက်နှင့်ပလတ်စတစ် ညစ်ညမ်းမှု
- ၁၀:၄၅ Sports Diary
- ၁၂:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'After Me'
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကက်ဘောအက်ဆေး'** (အပိုင်း-၇)
- ၁၄:၃၀ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
- ၁၅:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွှင့်ပျံ့အမုန်း'** (အပိုင်း-၃၀)
- ၁၆:၃၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၁၅ ဒေသတစ်ခု၊ ထုတ်ကုန်တစ်မျိုး
- ၁၇:၃၀ 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ' (၂၀၂၃ခုနှစ်၊ စက်တင်ဘာလ) (တတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကက်ဘောအက်ဆေး'** (အပိုင်း-၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ရာခရီး'** (အပိုင်း-၂၇)

### mitv

- 07:02 Evergreen Classic: Parami Taw (Hnin Hnin Htoo)
- 07:09 Products of Myanmar - Craft Blacksmithing
- 07:35 Art Designer Nay Chi Win Lai Yee
- 08:01 News
- 08:27 Shwezigon Pagoda
- 08:54 Inn-Waing Waterfall
- 09:01 Myanmar Tradition of Lotus Flower
- 09:23 Kayah Traditional Dance
- 09:36 The Tasty Creator
- 09:52 Talent Show on a Maze of Xylophones
- 10:01 News
- 10:27 The Rising Glory Of Myanmar Arts

### MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** သွားလည်ကြမယ်ဇင်းကျိုက်ရေတံခွန်ဆီ
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** မုန့်တီကြော်ပြုလုပ်နည်း
- **ဝ (၁၂:၀၀ မှ ၁၄:၀၀)** တောင်ယာထမင်းဟင်း
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ဝိုင်းမော်အထင်ကရနေရာသို့အလည်တစ်ခေါက်
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** ကယားတိုင်းရင်းသားတို့စံပျော်ရာတောင်ပေါ်ဒေသ
- **စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)** အားမနာနဲ့စား ဒါအကုန်ဘဲ
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ရေဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ(အပိုင်း-၄)
- **အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ရေကညွှတ်ဟင်း
- **ချင်း(လိုင်းဇိုး) (၂၁:၀၀ မှ ၂၂:၀၀)** ချင်းဘာသာစကားပြောကြရအောင် (ရက်၊လအခေါ်ဝေါ်များ)
- **ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** တောင်ပေါ်ဒေသချောင်းကလေးမှ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ECONOMIC REVIEW (Part-52)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ Save Our Planet Program
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ပြည်သူ့ဝန်ထမ်း'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၁)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၉)

### MRTV FARMERS' HTV

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၃၅ ဒေသဝမ်းစာဖူလုံရေးမှသည် လူမှုဘဝဖွံ့ဖြိုးရေးဆီ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Carbon Farming : A Climate Solution Under Our Feet- NHK World Prime
- ၁၉:၀၀ When food becomes scarce -high-tech farms of the future | DW Documentary
- ၁၉:၃၀ Tatched Living: A Nostalgi Furture
- ၁၈:၀၀ ညို့(ဇာတ်လမ်း)

### MRTV SPORTS HTV

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၈:၂၀ 19th Asian Games (Highlight)

MRTV Application — Android | iOS | Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပဲခူးတိုင်းဒေသကြီးအတွင်း စမ်းသပ်သန်းခေါင်စာရင်းကောက်ယူနေမှု ကွင်းဆင်းကြည့်ရှုအားပေး

ပဲခူး အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်းက ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူနေမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ရုံးကြီးရပ်ကွက် ပြည်တော်သာ(၁)လမ်းမှ ပြည်တော်သာ(၅)လမ်းအထိ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား တစ်အိမ်တက်ဆင်း ကောက်ယူနေမှုများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး သန်းခေါင်စာရင်းကောက်ယူရေး အဖွဲ့များ၏ စားစရိတ်နှင့် သီးခြားလိုအပ်ချက်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ရုံးကြီးရပ်ကွက်၌ အိမ်ထောင်စု ၁၆၂ စု၊ ကျား ၂၈၈ ဦး၊ မ ၄၃၉ ဦး စုစုပေါင်းလူဦးရေ ၇၂၇ ဦး၏အချက်အလက်များအား ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး အတွင်း စမ်းသပ် သန်းခေါင်စာရင်း ကောက်ယူခြင်းအား ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ အောက်တိုဘာ ၁၅ ရက်အထိ ပဲခူးမြို့နယ်၌ စာရင်းကောက်ကွက် ငါးခုတွင် အိမ်ထောင်စု ၂၂၆၃ စု၊ လူဦးရေ ၁၀၃၂၀ နှင့် ပေါင်းတည် မြို့နယ်၌ စာရင်းကောက်ကွက် လေးခုတွင် အိမ်ထောင်စု ၄၇၇ စု၊ လူဦးရေ ၁၇၉၀ တို့အား တစ်ပြိုင်တည်း ကောက်ယူလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

# ကော့သောင်းခရိုင်အတွင်း ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

ကော့သောင်း အောက်တိုဘာ ၂

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် CAPI စနစ်ကို အသုံးပြု၍ ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို ပုလုံးတုံးတုံးကျေးရွာနှင့် ဘုရင့်နောင်ရပ်ကွက်တို့တွင် ယနေ့ နံနက် ၈ နာရီက စတင်ဆောင်ရွက်သည်။

ဦးစွာ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းကောက်များနှင့်ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များက တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မှု (De facto Method) နှင့် တစ်အိမ်တက်ဆင်းကောက်ယူသည့်နည်းလမ်း (Convasser Method) တို့ဖြင့် Mobile Tablet များ အသုံးပြု၍ CAPI စနစ်ဖြင့် ကောက်ယူသွားမည်ဖြစ်ပြီး ထိုသို့ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရာသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်သက်ဦးနှင့် ခရိုင်အဆင့် တာဝန်ရှိသူများ၊ ကော့သောင်းမြို့နယ် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ကောက်ယူသွားမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**



# ကလောမြို့နယ်၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ

ကလော အောက်တိုဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ယမန်နေ့ ညနေ ၄ နာရီက ကလောမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သော သဝဏ်လွှာအား ကလောခရိုင် လုံခြုံရေး အကူတပ်ခွဲမှူး ရဲမှူး ဇော်မိုးအောင်က ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွင်း ရဲတပ်ဖွဲ့၏လုပ်ငန်းတာဝန်များတွင် ထူးချွန်ဆုရ တပ်ဖွဲ့ဝင်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကလောခရိုင် လုံခြုံရေးအကူတပ်ခွဲမှူးတို့က ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တန့်ယန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်း အထောက်အကူပြုသင်တန်း ဖွင့်လှစ်

တန့်ယန်း အောက်တိုဘာ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ကြီးမှူးကာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်း အထောက်အကူပြုသင်တန်းကို ယနေ့ နံနက် ၉ နာရီက နမ့်ဟူးလွယ်ကာကျေးရွာအုပ်စု ဘက်စုံခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသော်မင်းထိုက်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်း၏အထောက်အကူပြုသင်တန်း ဖွင့်လှစ်ပေးရခြင်း အကြောင်းကို ရှင်းလင်းပြောကြားကာ သင်တန်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**






# လှိုင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် လှိုင်မြို့နယ် (၁၂)ရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းလတ်နှင့် အဖွဲ့ဝင်(၁)ဗိုလ်မှူးသန်းမင်းအောင်တို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းလင်းထက်က မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် သင်တန်းဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားပြီး သင်တန်းသားများအတွက် တူညီဝတ်စုံများ၊ လူမှုရေးအသင်းအဖွဲ့များအတွက် ရှာဖွေကယ်ဆယ်ရေးဝတ်စုံများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် မီးငြိမ်းသတ်ရေးဝတ်စုံများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းသီတာမိုး(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ စမ်းသပ်သန်းခေါင်စာရင်း စတင်ကောက်ယူခြင်းဖွင့်ပွဲ ကျင်းပ

တာချီလိတ် အောက်တိုဘာ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ စမ်းသပ်သန်းခေါင်စာရင်း စတင်ကောက်ယူခြင်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၂ နာရီက အောင်မြတ်ခန်းမတွင် ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးထိန်လင်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမည့် အကြောင်းအရာများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်က စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာကို ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ သန်းခေါင်စာရင်းပစ္စည်းများကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သူရဇော်လွင်စိုးနှင့် စာရင်းကောက်များအား ခန့်အပ်လွှာကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရေးမှူး ဦးထွန်းလင်းတို့က ပေးအပ်ပြီး တာလေ့ရပ်ကွက်အတွင်း စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**သန်းဇော်(ပြန်/ဆက်)**



# အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ နှစ်ပတ်လည်အခမ်းအနား ကျင်းပ



**ဟားခါး အောက်တိုဘာ ၂**

အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)တွင် ယနေ့ မွန်းလွဲ ၂ နာရီက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ နှစ်ပတ်လည်အခမ်းအနားကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုး၊ ပြည်နယ်ဝန်ကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မိုးဟိန်း၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဟိန်းထက်အောင်၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး) ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က အမှာစကား ပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး) ကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်ခင်သူသူထွန်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအကြောင်းကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို Video Clip ဖြင့် ပြသသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး အစိုးရစက်မှုလက်မှုကျောင်း စာကြည့်တိုက်အား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက အမှတ်(၃)ရပ်ကွက် မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းက မိန့်ခွန်း ပြောကြားပြီး ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီးအေးသိန်းက ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဒုတိယ ဗိုလ်ချုပ်ကြီး နီလင်းအောင်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် Video Clipနှင့် ပြခန်းများပြသပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ယင်းနောက် ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီး အေးသိန်းနှင့် တာဝန်ရှိသူများက မှုခင်းများ ဖော်ထုတ်ဖမ်းဆီးမှု၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကူညီခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ)၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စုစုလှိုင်နှင့် အဖွဲ့ဝင်များက ရဲတပ်ဖွဲ့ဝင် မိသားစုများ နေအိမ်လိုင်းခန်း သန့်ရှင်းရေး၊ စိုက်ပျိုးရေးဆု ရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် အုပ်ချုပ်မှုအဖွဲ့တာဝန်ရှိသူများသည် ယနေ့ နံနက် ဒေသစံတော်ချိန် ၉ နာရီတွင် ကျင်းဟွာမြို့ Jinhau Sports Center ၌ ကျင်းပသည့် ပိုက်ကျော်ခြင်း အားကစားနည်းပြိုင်ပွဲသို့ တက်ရောက် ကြည့်ရှုအားပေးသည်။





ပြိုင်ပွဲများအပြီးတွင် ဒုတိယဝန်ကြီးသည် အာရှပိုက်ကျော်ခြင်း ဥက္ကဋ္ဌ Mr.Dato Abdul Halim Kader နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားနည်း ပိုမိုတိုးတက်စေရေး ညှိနှိုင်းဆွေးနွေးကြသည်။

ပိုက်ကျော်ခြင်း အားကစားနည်းပြိုင်ပွဲများအဖြစ် နံနက်ပိုင်းတွင် ကျင်းပသည့် အမျိုးသား လေးယောက်တွဲ ပြိုင်ပွဲ၌ အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားရာ အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။

မွန်းလွဲပိုင်းတွင် ကျင်းပသည့် အမျိုးသား လေးယောက်တွဲပြိုင်ပွဲ၌ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ ပွဲစဉ်အဖြစ် အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းသည် နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ပြီး အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် Fuyang Yinhu Sports Center ၌ ကျင်းပသည့် မြားပစ်အားကစားနည်း အမျိုးသား Recurve ပြိုင်ပွဲတွင် နီပေါအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းသည် ခုနစ်မှတ်-တစ်မှတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး အမျိုးသမီး Recurve ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် UAE အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းက ခြောက်မှတ်-ငါးမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့အတူ အမျိုးသမီး Recurve ပြိုင်ပွဲတွင် တရုတ်(တိုင်ပေ)အသင်းနှင့် မြန်မာအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းသည် ခြောက်မှတ်-နှစ်မှတ်ဖြင့် ရှုံးနိမ့်၍ အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။ **သတင်းစဉ်**

# သဃ်န်းကျွန်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၃) ဖွင့်လှစ်

**သဃ်န်းကျွန်း အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ သဃ်န်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ခရိုင်လဝကမှူး ဦးသက်ခိုင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်လှစ်ရခြင်းကို ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သဃ်န်းကျွန်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးသီဟဇော်က မီးသတ်ပညာဘာသာရပ်နှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ဘာသာရပ်များ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရန်နှင့် ရည်မှန်းချက် တာဝန်(၄)ရပ်ကို အကောင်အထည်ဖော်ရာတွင် စည်းကမ်းကောင်းမွန်ပြီး စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ရေး ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဖိတ်ကြားထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သင်တန်းသား ၅၀ တို့ တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ထားဝယ်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်



**ထားဝယ် အောက်တိုဘာ ၂**

အရန်မီးသတ် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း အမှတ်စဉ်(၁/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ထားဝယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထက်နောင်က မီးဘေးကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် အရည်အသွေးပြည့်ဝထက်မြက်အောင် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော မီးသတ်ပညာရပ်များကို မီးသတ်တပ်ဖွဲ့ဝင်တိုင်း သိရှိတတ်မြောက် ကျွမ်းကျင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် တာဝန်ရှိသူများက သင်တန်းသား ၁၀၀ အား စစ်ရေးပြသင်ကြားခြင်းရည်ရွယ်ချက်၊ မီးသတ်တပ်ဖွဲ့ရည်ရွယ်ချက် စွမ်းရည်(၄)ရပ်၊ အဓိကတာဝန်ကြီး(၅)ရပ်၊ စစ်ဝတ်တန်ဆာဝတ်ဆင်ရခြင်း အကျိုးကျေးဇူး၊ မီးလောင်မှု အခြေခံသဘောတရား၊ မီးလောင်သည့်အကြောင်းအရင်း(၁၀)ချက်၊ ရေအကြောင်း အခြေခံသဘောတရား၊ အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရခြင်းအကြောင်းနှင့် လုပ်ငန်းတာဝန်များ၊ အခြေခံကြိုးချည်နည်း၊ မီးငြိမ်းသတ်ရေးကိရိယာ ကိုင်တွယ်အသုံးပြုနည်း၊ ရှေးဦးသူနာပြုစုနည်း၊ ကယ်ဆယ်နည်းအမျိုးမျိုး၊ မီးသတ်တပ်ဖွဲ့ဥပဒေ စသည့် ဘာသာရပ်များကို အောက်တိုဘာ ၂၇ ရက်အထိ စာတွေ့လက်တွေ့ လေ့ကျင့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

**နေပြည်တော် အောက်တိုဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China–GACC) ၏ ကြေညာချက်အမှတ်(၂၄၈)နှင့် (၂၄၉)တို့အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန် တင်ပို့မည့်/တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အောက်ဖော်ပြပါ ကုန်စည်အမျိုးအစား(၁၈)ခုတို့ကို တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့တွင် မှတ်ပုံတင်ရမည်ဖြစ်ပါသည်–

(က) အသားနှင့်အသားထုတ်ကုန်များ၊
(ခ) ရေထွက်ကုန်များ၊
(ဂ) နို့ထွက်ပစ္စည်းများ၊
(ဃ) ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များ၊
(င) အဆာသွတ်ရန်အသုံးပြုသည့် အပေါ်ခွံ၊
(စ) ပျားရည်နှင့်ပျားထွက်ပစ္စည်း၊
(ဆ) ဥနှင့်ဥထုတ်ကုန်များ၊
(ဇ) စားသုံးဆီ၊
(ဈ) အပြင်အသားအား ဂျုံသားဖြင့်ပြုလုပ်ထားပြီး စားသုံးနိုင်သည့် သို့မဟုတ် အေးခဲထားသည့် ထုတ်ကုန်များ၊
(ည) စားသုံးနိုင်သောအစေ့အဆန်များ၊
(ဋ) ကြိတ်ခွဲသီးနှံထွက်ကုန်များနှင့်မုယောစပါး၊
(ဌ) လတ်ဆတ်သောဟင်းသီးဟင်းရွက်များနှင့် ရေခဲတ်ထုတ်ထားသော ဟင်းသီးဟင်းရွက်များ၊
(ဍ) ပဲမျိုးစုံ၊
(ဎ) အနံ့အရသာအတွက် အသုံးပြုသော ဟင်းခတ်အမွှေးအကြိုင်များ၊
(ဏ) အခွံမာသီးနှင့်အစေ့အဆန်များ၊
(တ) သစ်သီးခြောက်များ၊
(ထ) မလှော်ထားသော ကော်ဖီစေ့နှင့်ကိုကိုးစေ့များ
(ဒ) အထူးအာဟာရအစားအသောက်များ၊ ကျန်းမာရေးဖြည့်စွက်စာများ၊

ကုန်စည်အုပ်စုအလိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ဖြစ်ကြပါသည်။ အဆိုပါ ကုန်စည်အမျိုးအစား (၁၈)အုပ်စု၌ ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို ထုတ်လုပ်/တင်ပို့မည့် လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက် အစီအစဉ်ဖြစ်သည့် https://cifer.singlewindow.cn သို့ ဝင်ရောက်၍ ကိုယ်တိုင် Account ဖွင့်လှစ်ကာ တိုက်ရိုက်လျှောက်ထားရမည် ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့အထိ ကုမ္ပဏီ/စက်ရုံ (၁၃၈၀)ခုမှ ပေးပို့ထားသည့် စောင်ရေစုစုပေါင်း(၂၅၄၇) စောင်အားမှတ်ပုံတင်ရန် လျှောက်ထားပြီးဖြစ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ကုမ္ပဏီ(၁၂၃၅) ခု၊ စောင်ရေ(၂၄၀၂)စောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကုမ္ပဏီ/စက်ရုံ(၁၂၂)ခု၊ စောင်ရေ(၁၂၂)စောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကုမ္ပဏီ(၁၄)ခု၊ စောင်ရေ(၁၄) စောင်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုမ္ပဏီ(၉) ခု၊ စောင်ရေ(၉)စောင်ဖြစ်သည်။

အဆိုပါမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ အပါအဝင် ကုန်စည်များအား တရားဝင်တင်ပို့နိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)မှ မှတ်ပုံတင်ပေးပြီးဖြစ်သည့် လုပ်ငန်းများစာရင်းအား တရုတ်နိုင်ငံ၏ပြတင်းတစ်ပေါက်အစီအစဉ် https://ciferquery.singlewindow.cn/ ၌ ဖော်ပြထားပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးစားသောက်ကုန်များ တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ခြင်းအတွက် ပြင်ဆင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)အောက်ရှိ CIFER မှတစ်ဆင့် ဆောင်ရွက်ခဲ့ရာမှ China Department of Animal and plant Quarantine ဌာနမှ အောက်ဖော်ပြပါ စိုက်ပျိုးရေးစားသောက်ကုန်စည်အုပ်စု(၇)မျိုးကို ပြောင်းလဲတာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်းကို Manual စနစ်ဖြင့် လျှောက်ထားရမည်ဖြစ်ပါသည်–

(က) ကော်ဖီစေ့(raw)၊ ကိုကိုးစေ့ (cocoa beans) {Unroasted coffee beans and cocoa beans}
(ခ) ဟင်းသီးဟင်းရွက်အစိမ်းများ{Fresh and dehydrated vegetables}
(ဂ) ဟင်းခတ်အမွှေးအကြိုင်များ{Plant Seasonings (Plant Species)}
(ဃ) စားသုံးနိုင်သည့် အစေ့အဆန်များ{Edible grains}
(င) ပဲမျိုးစုံ{ Dried Beans}
(စ) ဆီထွက်အပင်များ{Oilseeds (Oil Plant)}
(ဆ) တရုတ်တိုင်းရင်းဆေးထုတ်လုပ်သည့် တိရစ္ဆာန် (သို့မဟုတ်) အပင်မူရင်းများ {Chinese Traditional Medicines}

အဆိုပါ ကုန်စည်အုပ်စု (၇) မျိုးအတွက် Manual စနစ်ဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းအား ကုမ္ပဏီလုပ်ငန်းများမှ ကိုယ်တိုင်ဆောင်ရွက်၍မရပါ။ သက်ဆိုင်ရာ Competent Authority Department ထံ လျှောက်ထားရမည်ဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန်များအတွက် စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။ သက်ဆိုင်ရာဌာနမှ တာဝန်ခံအရာရှိ(Competent Authority) ကသာ ၎င်းလျှောက်ထားမှုကို ဆောင်ရွက်နိုင်ပြီး စာ(သို့မဟုတ်) Email ဖြင့် dapq@customs.gov.cn သို့ ပေးပို့ခြင်း၊ မြန်မာနိုင်ငံရှိ တရုတ်သံရုံး (သို့မဟုတ်) တရုတ်နိုင်ငံရှိ မြန်မာသံရုံးမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။

https://ciferquery.singlewindow.cn/ Website တွင် online စနစ်ဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တွင် Competent Authority ထောက်ခံချက်လိုသည့် ကုန်စည်အုပ်စုနှင့် ကိုယ်တိုင်ဝင်ရောက်လျှောက်ထားသည့် ကုန်စည်အုပ်စုအပါအဝင် စုစုပေါင်းစောင်ရေ (၉၇၂)စောင်အား မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

http://dzs.customs.gov.cn/ Website တွင် Manual စနစ်ဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့အထိ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်ပြီးဖြစ်သည့် စာရင်းများကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ထပ်မံသိရှိလိုသည်များရှိပါက GACC ရုံးလုပ်ငန်းအဖွဲ့၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဖုန်းအမှတ် ၀၆၇–၃–၄၀၈၆၀၅၊ ၀၆၇–၃–၄၀၈၆၁၈ နှင့် Email: myantrade.Domestic@gmail.com တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။



# ပြည်ဈေးကွက်တွင် နနွင်းတက်များ အရောင်းအဝယ်ဖြစ်လျက်ရှိ

**ပြည် အောက်တိုဘာ ၂**

ပြည်ခရိုင် ပြည်ဈေးကွက်ရှိ နနွင်းတက်ပွဲရုံများသို့ ကျောက်ဆည်၊ ဟင်္သာတနှင့် မင်းတုန်းဘက်မှ နနွင်းတက်များ ဝင်ရောက်လျက်ရှိကြောင်း၊ ယခင်ကရှမ်းပြည်နယ် အောင်ပန်း၊ ကလောနှင့် ပင်လောင်းဘက်မှ ဝင်ရောက်ခဲ့ပြီး ယခုအချိန်တွင် ဒေသတွင်းထွက်ရှိသော နနွင်းတက်များနှင့် ကျောက်ဆည်ဘက်မှလာသော နနွင်းတက်များဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပြည်ဈေးကွက်တွင်ဖြစ်ပေါ် လျက်ရှိသော နနွင်းတက်ဈေးများမှာ ယခင်နှစ်က နနွင်းတက် တစ်ပိဿာလျှင် ကျပ် ၄၀၀၀–၅၀၀၀ ဖြစ်ပြီး ယခုနှစ်တွင် နနွင်းတက်တစ်ပိဿာလျှင် ကျပ် ၆၀၀၀–၆၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ နနွင်းတက်အသေးအညှက်များကို ခြင်ဆေးခွေပြုလုပ်သူများက ဝယ်ယူကြပြီး နနွင်းတက်အချောများကို နနွင်းမှုန့်များပြုလုပ်ရောင်းချသူများက ဝယ်ယူကြကြောင်းသိရသည်။



# ရွှေဘိုခရိုင်အတွင်းဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

**ရွှေဘို အောက်တိုဘာ ၂**

ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ စက်တင်ဘာလနောက်ဆုံးပတ်တွင် စပါး/ဆန် ဈေးနှုန်းများ တည်ငြိမ်၍ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ စက်တင်ဘာလ တတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၂၀၅၀၀၊ မန္တလေးသို့ အိတ်ရေ၂၄၁၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ၅၀၀၀၊ ပခုက္ကူသို့အိတ်ရေ ၂၀၀၀ စုစုပေါင်း အိတ်ရေ ၆၂၆၀၀ (တန် ၃၁၃၀) စီးထွက်ခဲ့ပြီး ယခုအပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၈၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၀၁၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၄၀၀၀ စုစုပေါင်းအိတ်ရေ ၅၇၆၀၀ (တန် ၂၈၈၀) စီးထွက်ခဲ့ကြောင်း၊ ရွှေဘိုမြို့၏ စက်တင်ဘာလ နောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရွှေဘိုရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



# မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မြိတ် အောက်တိုဘာ ၂**

မြိတ် ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း ပို့ကုန်တင်ပို့မှုအနေဖြင့် ငါးကြိတ်သားတစ်တန်လျှင် ၁၈၅၂ ဒေါ်လာနှုန်းဖြင့် ၄၃ ဒသမ ၂ တန်နှင့် ငါးမှုန့်တစ်တန်လျှင် ၉၀၈ ဒေါ်လာနှုန်းဖြင့် တန် ၃၀၀ တင်ပို့နိုင်ခဲ့သည်။

မြိတ် ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း သွင်းကုန်တင်သွင်းမှု ဒီဇယ်ဆီ တစ်တန်လျှင် ၉၉၉ ဒေါ်လာနှုန်းဖြင့် တန် ၁၃၀၀၊ ဓာတ်ဆီတစ်တန်လျှင် ၁၀၄၁ ဒေါ်လာနှုန်းဖြင့် ၆၁၉ တန်တင်သွင်းခဲ့သည်။

သတင်းအရင်းအမြစ်
စီးပွား/ကူးသန်း

# သီပေါမြို့နယ်၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

သီပေါ အောက်တိုဘာ ၂

(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကို သီပေါမြို့နယ် ရဲတပ်ဖွဲ့ခမ္ဘာရုံ ခန်းမ၌ အောက်တိုဘာ ၁ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သော (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းက ဖတ်ကြားပြီး သင်တန်းထူးချွန်ဆုရ တပ်ဖွဲ့ဝင်များ၊ အကောင်းဆုံးအိမ်ထောင်သည်လိုင်းဆုရ ရဲမေများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကာ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် လက်ဆောင် ပစ္စည်းများကို ကံစမ်းမဲဖောက်ပေးကြောင်း သိရသည်။ ၂၁၀


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်

နိုင်ငံကျေးရွာ ဂျာနယ်

ထွက်ရှိ



၁-၁၀-၂၀၂၃ ရက်နေ့ထုတ် အတွဲ (၂၀)၊ အမှတ် (၁၉) တွင်
- သက်ကြီးရွယ်အိုတို့၏ဘဝ စိုပြည်သာယာဖို့ ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့
- ပဲတီစိမ်းတွင် ကျရောက်သော ဖျက်ပိုးများကာကွယ်နည်း
- စီးပွားဖြစ် သင်္ဘောပင်စိုက်ပျိုးနည်း
- ကြယ်ပဲစိုက်ပျိုးထုတ်လုပ်မှုအကြောင်း တစေ့တစောင်း
- ကျိုက်မရော၌ မိုးကန်စွန်းဥများဖြစ်ထွန်း၍ ဈေးကောင်းရရှိ
- အိမ်မွေးကြက်များအကြောင်း သိကောင်းစရာ
- အပူလောင်ခြင်းနှင့် မီးလောင်ခြင်းကို ကာကွယ်နိုင်သည့်နည်းလမ်းများ
- နနွင်းခါးတိုင်းရင်းဆေး အသုံးပြုနည်း စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


# ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း ပြင်ဆင်မည်

ရန်ကုန် အောက်တိုဘာ ၂

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲအတွက် ရက်ပိုင်းအတွင်း စတင်လေ့ကျင့်ပြင်ဆင်မည်ဖြစ်သည်။

**ပထမအဆင့်ခြေစစ်ပွဲ ကျင်းပမည်**

ကမ္ဘာ့ဖလား အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲကို အောက်တိုဘာ ၁၂ရက်၊ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မကာအိုအသင်းနှင့် တွေ့ဆုံနေသည်။ မြန်မာအသင်းသည် ခြေစစ်ပွဲ ပထမအကျော့ကို အိမ်ကွင်းလက်ခံကစားရမည်ဖြစ်ပြီး ဒုတိယအကျော့ကို အဝေးကွင်းသွားရောက်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် မကာအိုအသင်းကို ကျော်ဖြတ်နိုင်မှသာ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား ဖိုက်အွန်ဘိုင်နာက ကိုင်တွယ်မည်ဖြစ်ပြီး မကြာမီ ပဏာမလူစာရင်း ထုတ်ပြန်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ် ဇွန် ၁၉ ရက်တွင် မကာအိုအသင်းနှင့် ခြေစမ်းပွဲကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

**ကိုညီလေး**

# အာရှအားကစားပြိုင်ပွဲ မြားပစ်တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကစားသမားနှစ်ဦး ယှဉ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၂

(၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲ ဒုတိယနေ့ကို အောက်တိုဘာ ၂ ရက်က ဆက်လက်ကျင်းပရာ မြန်မာကစားသမား နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ရှုံးထွက်အဆင့်ထိတက်ရောက်**

မြန်မာ မြားပစ်ကစားသမား နှစ်ဦးသည် RECURVE တစ်ဦးချင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သော ပြည့်စုံနှင်းသည် ၁၆ ဦး ရှုံးထွက်အဆင့်ထိ တက်ရောက်နိုင်ခဲ့သည်။ ပြည့်စုံနှင်းသည် ၃၂ ဦးအဆင့်တွင် ယူအေအီးနိုင်ငံသူ အယ်လ်လာလီနှင့် ယှဉ်ပြိုင်ရာ ၆-၅ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ၁၆ ဦး ရှုံးထွက်အဆင့်တွင် တရုတ်တိုင်ပေကစားသမား လီချိုင်ရင်နှင့် ယှဉ်ပြိုင်ရာ ၆-၂ မှတ်ဖြင့် အရေးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သော သီဟထက်ဇော်သည် ၃၂ ဦးအဆင့်တွင် နီပေါနိုင်ငံသား ပွန်မာဂါနှင့် ယှဉ်ပြိုင်ခဲ့ပြီး ၇-၁ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

**ကိုညီလေး**

❍ **အာရှအားကစားမှ**

ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို ၂၂-၂၀ မှတ်၊ ၂၁-၁၉ မှတ်ဖြင့် နှစ်ပွဲပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ် တက်ရောက်ရေး အဆုံးအဖြတ်ပွဲတွင် မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို အနိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၂၂-၂၀ မှတ်ဖြင့် အရေးနိမ့်သော်လည်း ဒုတိယပွဲငယ်တွင် ၂၁-၁၉ မှတ်၊ တတိယပွဲငယ်တွင် ၂၁-၁၉ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲများတွင် လာအိုနှင့် ဗီယက်နမ်ကို အနိုင်ရပြီး အင်ဒိုနီးရှားကို အရေးနိမ့်သဖြင့် အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ် ပွဲစဉ်များကို အောက်တိုဘာ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့တွင် မြန်မာအသင်းသည် အင်ဒိုနီးရှားကို နှစ်ပွဲပြတ် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုသုံးပွဲ ယှဉ်ပြိုင်ရာတွင် တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ခဲ့သဖြင့် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - သတင်းစဉ်**

## ဥတုရာသီ တောကိုမှီ၏


**ပြင်ဆင်ဖတ်ရှုပါရန်**

၂၈-၉-၂၀၂၃ ရက် ကြေးမုံသတင်းစာမှ ဒေါ်ဌေးဌေးဝင်း (အထက်တန်းရှေ့နေ)(စဉ်-၅၅၂၆၀)၏ စာမျက်နှာ(၂၂)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်လှရင်[၁၃/လရန(နိုင်)၁၆၅၃၉၇]နှင့် ဦးအားနိန်[၁၃/လကန(နိုင်)၀၁၈၅၇၉]ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

**ပျောက်ဆုံးကြောင်း**

ဦးဇေယျာအောင်[၁၂/ဥကတ(နိုင်)၀၅၂၆၅၇] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်-438204 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-970143844**

# သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန်ကွန်ဒို၊ Tower (B)၊ အခန်းအမှတ်(04#02)(၃၀၈)၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ပြီးသော ပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အိုလံပစ်ကုမ္ပဏီလီမိတက်ထံမှ ဒေါ်တင်ဇာညို(၁၂/အစန(နိုင်)၀၅၆၅၀၂)သည် နှစ်ဦးသဘောတူအဆင့်ဆင့်အရောင်းအဝယ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

**အများသိစေရန် အသိပေးကြေငြာချက်**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းကြည်တင် ၁၂/ကတတ(နိုင်)၀၂၆၁၀၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြို့မ(၁)ကျေးရွာ၊ ကွင်းအမှတ် (၅၈၉ ခ )၊ ကွင်းအမည်-မရမ်းတလင်း၊ ဦးပိုင်အမှတ်(၅၃/၁ ဒ )၊ ဧရိယာ(၀. ၁၃)ဧကရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် (၉-၁၁-၂၀၁၉)ခုနှစ်ကတည်းက ဦးတင်လှိုင်ထံမှ ဝယ်ယူထားပြီး ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝင်းကြည်တင်၏ အမည်ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်၊ သို့ပါသောကြောင့် အထက်ဖော်ပြပါ မြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်မိတ်ဆွေသာလျှင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမှ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းထားခြင်းမျိုးမရှိပါကြောင်း အခြားမည်သူမျှ ပိုင်ရေးဆိုင်ခွင့်မရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ် ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ)** စဉ် - ၈၄၅၇

LL.B, D.B.L, D.I.L, D.IP.L, Dip in Global English

PGDCWE, DL-DIP (101,202,302,317) (Switzerland)

အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

ဖုန်း - ၀၉-၅၀၂၅၅၈၃၊ ၀၉၉၆၅၀၂၅၅၈၃၊ ၀၉၄၄၅၄၄၄၄၃၃

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (က)၊ နွယ်သာဂီ (၈)လမ်း၊ မြေကွက်အမှတ် (၂၈၈ ၁/၂)၊ မြေအကျယ်ပေ (၂၀ x ၆၀) ပေါ်တွင်ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ (၆-လွှာ)ဟုခေါ်တွင်သော တိုက်ခန်းအကျယ်ပေ (၁၈x၅၅)ပေရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးကလျာ(ခ)မင်းမင်းခင် [၁၂/ရကန(နိုင်) ၀၆၀၇၉၂]မှ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပါသဖြင့် ဦးဖြိုးမောင်မောင် [၁၂/ဥကမ(နိုင်)၁၉၃၅၁၈]မှ အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဖြိုးမောင်မောင်၏ ညွှန်ကြားချက်အရ -**

**ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြဌေး (H.G.P, LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၆၀၅/၂၀-၇-၁၉၉၈)**

**ရုံး (ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**

**ဖုန်း- ၀၉-၅၄၀၇၂၂၉**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာ(၁)လမ်းနှင့် ရတနာမြိုင်လမ်းကြား၊ အမှတ်(၁၂၀)၊ မြေတိုင်းရပ်ကွက်အမှတ်(၇၄)၊ မြေကွက်အမှတ်(၁၂/၇)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ်ခွဲတိုက်ရှိ ပဉ္စမထပ်၊ (ခေါင်းရင်းခန်း)၊ (၁၆ပေ x ၆၀ပေ) ရှိ တိုက်ခန်းအား (၁)ဒေါ်မြင့်မြင့်ဌေး၊ (၂)ဒေါ်မြင့်မြင့်လေးတို့ (၂)ဦးပူးတွဲပိုင်ဆိုင်ပြီး ဒေါ်မြင့်မြင့်လေးသည် (၇-၉-၂၀၁၇)ရက်နေ့တွင်ကွယ်လွန်၍ ခင်ပွန်းဖြစ်သူ ဦးတင်ရွှေမှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး (၁)ဒေါ်မြင့်မြင့်ဌေး၊ (၂) ဦးတင်ရွှေတို့ထံမှ အဆိုပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ (၁)ဦးပြည်သိမ်းအောင်၊ (၂) ဒေါ်ဖြူနှင်းသော်တို့က တိုက်ခန်း၏ ရောင်းချသောတန်ဖိုးငွေများကို အပြေအကျေ ပေးချေ၍ အပြီးအပိုင်ဝယ်ယူပြီး လက်ရှိပိုင်ဆိုင်ထားသူများဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စန်းချိုဦး LL.B, D.B.L**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၇၀/၂၀၁၁)**

**အမှတ်(၆၄၆/၄၆၄)၊ အခန်း(၂/၄)၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊**

**(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၂၅၂၉၉၄၉၈၈**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ မြို့ပတ်လမ်း၊ အမှတ်(၂၁) ဟုခေါ်တွင်သည့် ကွင်းအမှတ်(၆၇၆/A)၊ ဗိုလ်ချုပ်ရွာမကွင်း၊ ဦးပိုင်အမှတ်(၂၂/၅/၂၁)၊ ဧရိယာ(၀.၀၅)ဧက၊ မြေကွက်အကျယ်ပေ (၄၀x၅၅)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးကောင်းစည်သူ [၁၂/ပဇတ(နိုင်)၀၃၇၁၉၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်စန်းဝင်း[၉/မခန(နိုင်)၀၆၁၁၁၇]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီရိဦး (LL.B) (LL.M)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**

**ဒေါ်ဝေဝေဖြိုး (LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၀၈၀၂)**

**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**

**ဖုန်း-၀၉-၄၂၀၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်-၄၃၆၊ မြေကွက်တည်နေရာအမှတ်(၄၃၆)၊ ဒေါ်သိန်းတင်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ခင်လှမြိုင် [၁၂/ကမတ(နိုင်)၀၁၈၇၃၅] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်လှမြိုင်(ဇနီး) ကွယ်လွန်သဖြင့် (ခင်ပွန်း)ဖြစ်သူ ဦးမြင့်စိုး [၁၂/ကမတ(နိုင်)၀၁၈၇၃၄]မှ ၎င်းသည်သာ တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောခင်ပွန်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (ဇနီး)ဒေါ်ခင်လှမြိုင်၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
## (၂၀၂၃ ခုနှစ်၊ အောက်တိုဘာ လ ၃ ရက်)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၈၀ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ |
| (ခ) | ယာဉ်မောင်း(၅) (အမျိုးသား) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၃ နေရာ | အခြေခံပညာ အလယ်တန်း အဆင့်ရှိပြီး "ခ"အဆင့် ယာဉ်မောင်းလိုင်စင်ရှိရမည်။ ယာဉ်ကြီး၊ ယာဉ်ငယ်များအား ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။ |
| (ဂ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၂ နေရာ | အခြေခံပညာ အလယ်တန်းအဆင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ |
| (ဃ) | အစောင့် (အမျိုးသား) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၀ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| (င) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၃ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| (စ) | လုပ်သား (ထမင်းချက်) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၃ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| (ဆ) | လုပ်သား (ရင်ခွဲရုံလုပ်သား) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံး၊ ခရိုင်လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံး၊ အလုပ်သမားဆေးရုံကြီးများ (ရန်ကုန်/မန္တလေး/ထန်းတပင်) နှင့် မြို့နယ်လူမှုဖူလုံရေးဆေးခန်းများ တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဂ) အမှတ်စဉ်(၁)(က) လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်သူဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) အမှတ်စဉ် (၁) (ခ) (ဂ) လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၃ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) အမှတ်စဉ် (၁) (ဃ) (င) (စ) (ဆ) လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၃ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(စ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။
(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismissal)ခြင်း၊ ရာထူးမှထုတ်ပယ် (Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည် -

(က) လျှောက်ထားသူ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ် (အသက်)
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့် ဘာသာ
(ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့် ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်
(င) အဖအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်ရာထူးနှင့် ဌာန
(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့် ရက်စွဲ
(ဇ) ဆက်သွယ်ရန် လိပ်စာနှင့် တယ်လီဖုန်းအမှတ်
(ဈ) အမြဲတမ်းနေရပ်လိပ်စာ (အပြည့်အစုံ)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) အမှတ်စဉ် (၁) (က) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူနှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။) (အခြားကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအောင်လက်မှတ်များရှိပါက မိတ္တူပူးတွဲတင်ပြရန်)
(ခ) အမှတ်စဉ် (၁)(ခ) ပညာအရည်အချင်းအတွက် အခြေခံပညာအလယ်တန်းအဆင့်ကျောင်း ထောက်ခံစာမိတ္တူနှင့် "ခ"အဆင့် ယာဉ်မောင်းလိုင်စင် မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်) (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
(ဂ) အမှတ်စဉ် (၁) (ဂ) ပညာအရည်အချင်းအတွက် အခြေခံပညာ အလယ်တန်းအဆင့် အောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်၊) (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
(ဃ) အမှတ်စဉ် (၁) (ဃ)မှ (ဆ)အထိ ပညာအရည်အချင်းအတွက် အခြေခံပညာမူလတန်းအဆင့် ကျောင်းထောက်ခံစာမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်၊)(ဖြေဆိုခွင့် ကတ်ပြားထုတ်ယူချိန်တွင်မူရင်းတင်ပြနိုင်ရမည်။)
(င) အမှတ်စဉ် (၁) (က)မှ (ဆ)အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ (၁)လအတွင်းရရှိသည့် ထောက်ခံချက်မူရင်း
(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ဆေးထောက်ခံစာမူရင်း
(ဈ) လွန်ခဲ့သော (၁) လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ ($၁\frac{၁''}{၂}$ x $၁\frac{၃''}{၄}$) ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရန်)
(ည) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်နိုင်ကြောင်း ကတိပြုလွှာ
(ဋ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာန၊ အဖွဲ့အစည်းအမည်နှင့် ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်မူရင်း

၅။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများအား အလုပ်သမားဝန်ကြီးဌာန Website www.mol.gov.mm တွင် Download ရယူလျှောက်ထားနိုင်သည်။

၆။ လျှောက်လွှာများကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပြီး ၉-၁၁-၂၀၂၃ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ လျှောက်ထားရမည်။ သတ်မှတ်ချက်မကိုက်ညီသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၃၀-၁၁-၂၀၂၃ ရက်နေ့နှင့် ၁-၁၂-၂၀၂၃ ရက်နေ့တို့တွင် ရုံးချိန်အတွင်း ထုတ်ပေးမည်။

၈။ အမှတ်စဉ် (၁) (က) လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာ ဘာသာရပ်၊ လူတွေ့(နှုတ်ဖြေ)စသည့် အရည်အချင်းစစ်စာမေးပွဲအား ဖြေဆိုရမည်ဖြစ်သည်။

၉။ အမှတ်စဉ် (၁) (ခ)မှ (ဆ)အထိ လျှောက်ထားသူများသည် လူတွေ့(နှုတ်ဖြေ) ဖြေဆိုရမည် ဖြစ်ပါသည်။

၁၀။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများရှိ ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန Website www.mol.gov.mm တွင် ကြော်ငြာပေးထားမည်ဖြစ်ပါသည်။

၁၁။ အရည်အချင်းစစ်စာမေးပွဲအစီအစဉ်-

**အငယ်တန်းစာရေးရာထူး**

(က) ၂-၁၂-၂၀၂၃ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ၁၀:၃၀ နာရီအထိ အထွေထွေဗဟုသုတ မေးခွန်းလွှာ၊
မွန်းလွဲ ၁၁:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ အင်္ဂလိပ်စာမေးခွန်းလွှာ။
(ခ) ၃-၁၂-၂၀၂၃ ရက်နေ့ နံနက် ၀၉:၃၀ နာရီမှ ၁၀:၃၀ နာရီအထိ ကွန်ပျူတာစစ်ဆေးခြင်း၊
မွန်းလွဲ ၁၁:၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့(နှုတ်ဖြေ) စစ်ဆေးခြင်း။

**ယာဉ်မောင်း(၅)၊ ရုံးအကူ၊ အစောင့်၊ သန့်ရှင်းရေးအကူ၊ လုပ်သား (ထမင်းချက်)၊**
**လုပ်သား (ရင်ခွဲရုံလုပ်သား) ရာထူးများအတွက်**

(က) ၄-၁၂-၂၀၂၃ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့(နှုတ်ဖြေ) စစ်ဆေးခြင်း။

၁၂။ အရည်အချင်းစာမေးပွဲကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်တို့တွင် ကျင်းပပြုလုပ်ပါမည်။ အသေးစိတ်သိရှိလိုပါက နေပြည်တော်ကောင်စီ၊ ပြည်နယ်/တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးများနှင့် လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)နေပြည်တော်၊ ၀၆၇-၃၄၁၇၉၀၃၊ ၀၆၇-၃၄၁၇၉၀၆ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမားဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၁၀/တောင်)၊ ဘဏ္ဍာလမ်း၊ မြေကွက်အမှတ်(၁၁၈)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀) ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးမျိုးထွန်းအောင် [၁၂/သကတ(နိုင်)၁၄၈၁၄၉] အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီတာ [၉/မနမ(နိုင်)၀၀၀၆၄၀]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်မြင့်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၆၆)**
**အမှတ် (A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၄၁၅၃၄၇၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၇၊ ဦးပိုင်အမှတ် (၃၁)/၄၀x၄၁ လမ်းကြား၊ ၅၅x၅၆ လမ်းကြားရှိ ဗိုလ်ကြီးဉာဏ်ထွန်း အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးရန်ကြိမ်ရုံက တရားပြိုင် ဗိုလ်ကြီးဉာဏ်ထွန်းအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် မဟာအောင်မြေမြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၁၃/၂၀၂၃ ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဦးရန်ကြိမ်ရုံ [၁၃/သခန(နိုင်)၀၃၄၁၆၁]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂၊ ၂၃၊ ၂၆၊ ၂၈ (မင်းဓမ္မ)၊ လူနေရပ်ကွက်အမှတ် (မင်းဓမ္မဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်း အပိုင်း-၃)၊ မြေကွက်အမှတ် (၆၇)၊ ဧရိယာ (၀.၀၈၇) ဧကရှိ Myanmar Imperial Vega Co., Ltd. အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရေ၊ မီးအစုံ ($၃\frac{၁}{၂}$)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်တင်တင်အေး [၁၂/ပဘတ(နိုင်)၀၁၂၀၅၂]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်ပိုင်ကို (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၆၂)**
**အမှတ် (၂၈၈)၊ စိန်ပန်းမြိုင် (၄)လမ်း၊ (၁၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၄၆၀၈၅၉၄**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၉)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၁၂၈၅)ဟု ခေါ်တွင်သော (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ ဦးအေးမင်း(ခ)ဦးစိုးမြင့် [၁၄/ဟသတ(နိုင်)၄၃၁၆၀၅] ပါမစ်အမည်ပေါက်ဖြင့် မှတ်သားတည်ရှိပြီး တရားဝင်မခွဲမစိတ်ရသေးသော ပါမစ်မြေကွက်ကြီးအနက်မှ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၉)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၁၂၈၅) ဟုခေါ်တွင်သော (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ မြေနှင့် ၎င်းမြေပေါ်ရှိ သီးပင်၊ စားပင်၊ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်ဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူဖြစ်သော ဦးဟိန်းထက် [၁၂/ဒဂတ(နိုင်)၀၅၆၅၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီရီလွင် [၆/လလန(နိုင်)၁၂၅၃၅၉]မှ (၃၀-၉-၂၀၂၃) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ခိုင်မာသောကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ရုံး- အမှတ်(စီ/၃၀၄)၊ ကူးတို့ဆိပ်ကမ်း၊** | **ဦးစောမင်းဦး** |
| **မေတ္တာမွန်စက်ဆန်းအိမ်ရာဝင်း** | **LL.B (ADVOCATE)** |
| **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း- ၀၉-၄၄၈၀၄၆၁၀၈** | **(စဉ်-၁၅၁၂၀/၁၈)** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ မြိုင်သာယာ (၂)ရပ်ကွက်၊ ပြည်တော်အေးကွက်သစ်၊ မြေကွက်အမှတ် (၅၇၁) ဟုခေါ်တွင်သော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချထားပေးသည့် အလျားxအနံ (၄၀x၆၀)ပေအကျယ် မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်သူဟု အဆိုရှိသူ ဒေါ်ထားထားလွင် [၁၂/သကတ(နိုင်)၀၆၈၆၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်သီရိဇော် [၁၂/သဃက(နိုင်)၁၈၁၃၆၇]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းထက်ဦး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၂၄)**
**အမှတ်(၆၂၄)၊ မဟာသုခလမ်း၊ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၆၃၆၀၂၆၇**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကြေညာချက်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ သဃ်န်းညီနောင်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၊ အာရှလမ်း၊ အမှတ် ( ၄၅ )တွင် တည်ရှိသော SHINE HTOO COMPANY LIMITED သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမှုပိုင်အဖြစ် ပြုလုပ်သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည် -

အထက်ပါကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို မှတ်ပုံတင်သွင်းကြေညာသူမှ "လယ်ယာသုံးပစ္စည်းအမျိုးမျိုး"တို့ကို ထုတ်လုပ်ဖြန့်ချိရောင်းချခြင်းလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို လုပ်ငန်းများနှင့်ဆက်နွယ်သည့် စာရွက်စာတမ်းများ၊ E-Mail, Internet, Website, Social Media, TV ကြော်ငြာများ၊ တံဆိပ်တုံးများ၊ ဘလောက်တုံးများ၊ ဖန်ပုလင်းများ၊ စက္ကူသေတ္တာ၊ စက္ကူပုံး၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ် အစရှိသည်တို့တွင်လည်းကောင်း၊ ဆိုင်းဘုတ်များတွင်လည်းကောင်း၊ ထိုတံဆိပ်အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီမှအပ အခြားသူတစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ အများကသော်လည်းကောင်း၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲခြင်း မပြုလုပ်ကြပါရန်နှင့် လိုက်နာခြင်းမရှိပါက မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားစွဲဆို အရေးယူဆောင်ရွက်သွားဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုနွေး LL.B., WIPO(Switzerland) အထက်တန်းရှေ့နေ (စဉ်-၄၃၃၉၃)**
**အမှတ် (၅၀/ခ)၊ မဟော်သဓာ(၁)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၅၀၉၂၈၈၂၊ ၀၉-၇၇၃၀၈၄၇၈၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မင်းလွင်ကုန်းကျေးရွာ၊ အမှတ် (၂၄၀) နေ ကျွန်ုပ်၏မိတ်ဆွေ (ဘ) ဦးဝင်းမြင့်၏ သား ဦးအောင်နိုင်ဝင်း (၇/ပခန (နိုင်) ၂၃၄၇၈၈) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ ဖခင် ပိုင်ဆိုင်သော မန္တလေးမြို့၊ ရတနာပုံ အဆင့်မြင့်ဈေးသစ်ကြီး၏ မြေညီထပ်၊ ဆိုင်ခန်းအမှတ် (၄၅၊ ၄၆၊ ၄၇) ဆိုင်ခန်းများနှင့် မန္တလေးမြို့၊ ၈၃-လမ်း၊ လမ်း ၃၀ x ၃၁လမ်းကြား၊ အမှတ် (၂၉၉/၂၁)၊ ချမ်းမြသာစည်အရှေ့၊ ရတနာဝင်း ခေါ် မြင်းဝင်း၊ ၈၁x၈၂လမ်း၊ လမ်း ၂၈ x ၂၉ကြား၊ အမှတ် - (၃၀၉/၂၉)၊ အာစီသုံးထပ်တိုက်နှင့် အမှတ် (၃၀၉/၃၀)၊ နံကပ် ၂-ထပ်တိုက်နေအိမ်တို့အား သားသမီးအရင်းဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေမှသာ စီမံပိုင်ခွင့်ရှိပြီး ကျွန်ုပ်မိတ်ဆွေမှလွဲ၍ အခြားမည်သူတစ်ဦး တစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း တို့ ပြုလုပ်ခွင့် မရှိပါကြောင်းနှင့် ထိုသို့ပြုလုပ်သည် ဆောင်ရွက်သည်ကို မြင်တွေ့ကြားသိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းငွေး (ခ) ဦးအောင်အောင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၀၈၃)
